# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**The Mirror Daily**

Established in 1957

e – paper ဖတ်ရှုရန်


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့။ Monday, 3 August 2026 ၁၂၂၅၉


## မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

## “ဝ”အထူးဒေသ-၂ ရှိ မိုင်းမောမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေး

မိုင်းမော ဩဂုတ် ၂

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ ရှမ်းပြည်နယ်(မြောက်ပိုင်း) “ဝ” အထူးဒေသ-၂ ပန်ဆန်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ မိုင်းမောမြို့နယ်တွင် ပန်ဆန်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန “ဝ” ကျန်းမာရေးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပြီး ဇူလိုင် ၃၀ ရက်က ဒေသခံတိုင်းရင်းသားပြည်သူ ၈၀၈ ဦးကို ကွင်းဆင်းဆေးကုသမှုပေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းကုသမှုပေးရာတွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၅၁ ဦးကို HIV နှင့် ကာလသားရောဂါ၊ အသည်းရောင် အသားဝါဘီ/ စီရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

## ကျောက်ဆည်မြို့နယ်ရှိ ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်စိုက်ခင်းများ စုပေါင်းဝါကောက်သိမ်းခြင်း တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ

ကျောက်ဆည် ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)၌ မြစ်သားမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့မှ ဝါစိုက်တောင်သူများအား ဖိတ်ကြား၍ ယမန်နေ့ နံနက်ပိုင်းက တစ်ပြိုင်တည်း ဝါကောက်သိမ်းနိုင်မည့် နည်းစနစ်များဖြင့် စိုက်ပျိုးထားသော ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ် ဝါစိုက်ခင်းတွင် စုပေါင်းဝါကောက်သိမ်းခြင်း တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲကျင်းပသည်။



ကျောက်ဆည်မြို့နယ်ရှိ ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်စိုက်ခင်း၌ စုပေါင်းဝါကောက်သိမ်းခြင်း တောင်သူနည်းပညာပေး ကွင်းသရုပ်ပြသစဉ်။

သရုပ်ပြပွဲတွင် လွန်ကျော်ခြံတာဝန်ခံ ဒေါက်တာအေးအေးမြတ်က ချည်မျှင်ရှည်ဝါစိုက်ခင်း၌ ရွှေတောင်-၁၀ ဝါမျိုးဖြင့် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးကြိုရာသီ၌ ၁၀ ဧက စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးရာတွင် ပင်ကျပ်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ အပင်ကြီးထွားမှု ထိန်းညှိဆေး၊ ထိန်းချုပ်ဆေးများ အသုံးပြု၍ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



## မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း ချည်မျှင်ရှည်ဝါ ၇၈၅၈ ဧက စိုက်ပျိုးပြီးစီး

မင်းလှ ဩဂုတ် ၂

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း ယခုဘဏ္ဍာရေးနှစ်တွင် ချည်မျှင်ရှည်ဝါ စုစုပေါင်း ၃၉၇၄၉ ဧက စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ၇၈၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါမြို့နယ် ပန်းတော်ပြင်ကျေးရွာအုပ်စုအတွင်းရှိ ဝါစိုက်တောင်သူများအား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့က သွားရောက်တွေ့ဆုံပြီး ကွန်ပေါင်းဓာတ်မြေဩဇာများကို ချည်မျှင်ရှည်ဝါစိုက်တောင်သူများထံ ထောက်ပံ့ပေးအပ်ကာ ကျေးရွာအုပ်စု ကွင်းအမှတ် (၈၅၉) တွင် စိုက်ပျိုးထားသည့် စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻


ယနေ့ ဖတ်စရာ

**အာရှသိပ္ပံစခန်းချနေထိုင်ခြင်း အစီအစဉ်သို့ မြန်မာနိုင်ငံမှ ကျောင်းသားနှစ်ဦးနှင့် ကျောင်းသူ သုံးဦးတို့ တက်ရောက်ခွင့်ရရှိ**

စာမျက်နှာ ၃

**လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာများ ထောက်ပံ့**



စာမျက်နှာ ၅

**အငြိမ်းစားတို့ စိတ်ချမ်းသာစေမည့် မြန်မာ့စီးပွားရေးဘဏ်၏ နည်းပညာခြေလှမ်းသစ်**

ဆောင်းပါး စာမျက်နှာ ၆

**အလင်းရောင်နောက်က အမှောင်ရိပ်နှင့် တရားမဲ့ခြင်း၏ နိဒါန်း**

ဆောင်းပါး စာမျက်နှာ ၈

ကြေးမုံ

# မြန်မာ့ကိုယ်ပိုင် မြန်မာ့နည်းလမ်းဖြင့် အာဆီယံဆက်ဆံရေးဆောင်ရွက်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်၏ သဝဏ်လွှာပေးပို့ဖိတ်ကြားမှုအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၂)ရက်မြောက်နေ့ အစီအစဉ်သို့တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားခဲ့ရာတွင် အာဆီယံနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏သဘောထားခံယူချက်ကို အသိပေးချပြခဲ့သည်။

နိုင်ငံတော်သမ္မတ၏မိန့်ခွန်းတွင် "လက်ရှိအာဆီယံအခြေအနေနှင့်ပတ်သက်ပြီး လွန်ခဲ့သည့် ၅ နှစ်ကာလအတွင်း အာဆီယံနိုင်ငံအချို့၏ သဘောထားနှင့် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံမှုများ ပြုလုပ်ခဲ့သော်လည်း မိမိတို့အနေဖြင့် စိတ်ရှည်သည်းခံပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားများနှင့်အညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အပြုသဘောမဆောင်သည့် ခွဲခြားဆက်ဆံမှုများကို နိုင်ငံတော်က လိုအပ်သည့် တုံ့ပြန်မှုများ Case By Case တုံ့ပြန်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့်အညီ ပကတိအခြေအနေများကိုအခြေခံပြီး အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အလေးထားစောင့်ရှောက်ကာ မြန်မာနိုင်ငံက ဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် အာဆီယံနှင့်ဆက်ဆံရေး တိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်မြှင့်တင်သည့်နေရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် နိုင်ငံခြားရေးမူဝါဒဖြစ်သည့် "လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် မူဝါဒ"ကို ကိုင်စွဲကာ နိုင်ငံတကာဆက်ဆံရေးတွင် ဘက်မျှပြီး ဟန်ချက်ညီသည့် ဆက်ဆံရေးကို တည်ဆောက်လျက်ရှိသည်။ မည်သည့်လောင်းရိပ်၊ မည်သည့်ဩဇာအောက်တွင်မှ မရှိဘဲ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း မိတ်ဆွေနိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ နိုင်ငံတကာဆက်ဆံရေးကို ခိုင်မာစွာ တည်ဆောက်လျက်ရှိသည်။ မြန်မာနိုင်ငံအပေါ် သဘောထားမည်သို့ရှိသည်ဖြစ်စေ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ဆက်ဆံနေထိုင်လျက်ရှိသည်။

လွန်ခဲ့သည့် ၅ နှစ်ကာလက ဆောင်ရွက်ခဲ့သည့် "အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏ အခြေခံမှုများနှင့်ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သလို သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးနောက် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် အာဆီယံနှင့်ပတ်သက်သည့် မြန်မာနိုင်ငံ၏ သဘောထားခံယူချက်ကို ရှင်းရှင်းလင်းလင်း သိရှိရသည်။

အာဆီယံထုတ်ပြန်ချက်(၅)ရပ်နှင့်ပတ်သက်၍ အမှန်တကယ်တွင် အာဆီယံအဖွဲ့၏ အလှည့်ကျ အဓိကတာဝန်ယူဆောင်ရွက်ကြသည့် ခေါင်းဆောင်များ၏ သဘောထားအမြင်များ လွှမ်းမိုးနေသဖြင့် ထိုစဉ်က အာဆီယံနိုင်ငံအားလုံး၏ တူညီသည့်ဆန္ဒ အပြည့်အဝမဟုတ်သည်မှာ သေချာသည်။ မြန်မာနိုင်ငံအပေါ် အနောက်ကမ္ဘာမှ အမြင်များ၊ ဆန့်ကျင်ဘက်အမြင်များနှင့်ထပ်တူကျနေပြီး အပြုသဘောဆောင်သည့် မိတ်ဆွေနိုင်ငံများ၏ သဘောထားအမြင်များနှင့်ကွဲလွဲနေသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့သို့ စတင်ဝင်ရောက်သည့် ၁၉၉၇ ခုနှစ်မှ စတင်၍ ယနေ့ကာလအထိ အာဆီယံမိသားစုစိတ်၊ အာဆီယံပဋိညာဉ်စာတမ်း၊ အခြေခံမူများနှင့်အညီ ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိသည်။ အာဆီယံနိုင်ငံအချို့အနေဖြင့် မြန်မာနိုင်ငံအပေါ် မည်သို့သဘောထားသည်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအတွင်း မြန်မာနိုင်ငံ၏အခန်းကဏ္ဍ ပိုမိုထိရောက်အားကောင်းလာစေရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ အာဆီယံအနေဖြင့် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ခွဲခြားဆက်ဆံမှုများ၊ ဖိအားပေးအကျပ်ကိုင်မှုများ ပြုလုပ်လျက်ရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း အစိုးရနှင့်ပြည်သူ တွဲလက်ညီစွာဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အလေးထားစောင့်ရှောက်ကာ မြန်မာနိုင်ငံက ဦးဆောင်သော မြန်မာ့ကိုယ်ပိုင် မြန်မာ့နည်းလမ်းဖြင့် နိုင်ငံတကာဆက်ဆံရေး၊ အာဆီယံဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။ ။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY

2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "

## ကျောင်းပြင်ပမူလတန်းပညာရေး -NFPE နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး- NFME အတန်းနေရာချထားစစ်ဆေးမှု (Placement Test) အစီအစဉ်

၁။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိနေသည့်သက်လွန်ကျောင်းပြင်ပရောက်ကျောင်းသားကျောင်းသူများကို ကျောင်းပြင်ပမူလတန်းပညာရေး- NFPE တွင် အသက် ၁၀ နှစ်မှ ၁၆ နှစ်အတွင်းရှိသူများအားလည်းကောင်း၊ ကျောင်းပြင်ပ အလယ်တန်းပညာရေး- NFME တွင် အသက် ၁၃ နှစ်မှ အသက် ၂၁ နှစ်အတွင်းရှိသူများအားလည်းကောင်း အတန်းနေရာချထားစစ်ဆေးမှု (Placement Test)အား အထူးအစီအစဉ်တစ်ရပ်အနေဖြင့်သတ်မှတ်၍ မူဝါဒများနှင့်အညီ စိစစ်လက်ခံသင်ကြားပေးသွားမည်ဖြစ်ပါသည်။

၂။ အတန်းနေရာချထားစစ်ဆေးမှု (Placement Test) ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် ကျောင်းပြင်ပမူလတန်းပညာရေး- NFPE တွင်ဖြစ်စေ၊ ကျောင်းပြင်ပအလယ်တန်းပညာရေး- NFME တွင်ဖြစ်စေ ဖြေဆိုရန်အတွက် ပညာရေးဆိုင်ရာထောက်ခံချက်များ သို့မဟုတ် အရေးပေါ်အခြေအနေကြေညာထားသည့်မြို့နယ်များမှ အမှန်တကယ်ပြောင်းရွှေ့နေထိုင်သူဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ အသက်ထောက်ခံချက်နှင့်အတူ မြို့နယ်ပညာရေးမှူးရုံးများတွင် လျှောက်ထားစာရင်းပေးသွင်းရမည် ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများက သတ်မှတ်ပေးသောနေရာများတွင် အတန်းနေရာချထားစစ်ဆေးမှု (Placement Test) ကို ၉-၈-၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့)၌ ဖြေဆိုကြရပါမည်။ (အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်ပညာရေးမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။)

**ပညာရေးဝန်ကြီးဌာန**

## သီပေါမြို့နယ်၌ သစ္စာပန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း အစည်းအဝေးကျင်းပ

သီပေါ ဩဂုတ် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ သစ္စာပန်းစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဒေါ်နီလာက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရတနာဝင်းက မြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုအခြေအနေများနှင့် အသင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေအရ အသင်းစည်းကမ်းအား ပြင်ဆင်ဖြည့်စွက်ခြင်းတို့ကို ပြောကြားသည်။



ထို့နောက် အမှုဆောင်ကော်မတီ၏ အစီရင်ခံစာတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများဆောင်ရွက်ကာ တာဝန်ရှိသူများက အသင်းသားများအား စုဆောင်းငွေပေါ်အတိုးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ၂ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

## ပညာသင်ကြားရေးတွင် ဘာသာစကားအဟန့်အတားကြောင့် ကျောင်းထွက်မှုနှုန်း လျော့နည်းစေရန် ရည်ရွယ်၍ တိုင်းရင်းသားဘာသာစကားဖြင့် ထပ်ဆင့်ရှင်းလင်း သင်ကြားပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၂

ပညာသင်ကြားရေးတွင် ဘာသာစကား အဟန့်အတားကြောင့် ကျောင်းထွက်မှုနှုန်း လျော့နည်းစေရန်ရည်ရွယ်၍ တိုင်းရင်းသားဘာသာစကားဖြင့် ထပ်ဆင့်ရှင်းလင်း သင်ကြားပေးလျက်ရှိပြီး တိုင်းရင်းသားဘာသာ သင်ကြားရေးအထောက်အကူပြု ဆရာ ဆရာမများ ခန့်ထားနိုင်ရေးကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစတင်ကာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က ယနေ့ပြောကြားသည်။



ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေသော တိုင်းရင်းသားစာပေသင်ကြားရေးအထောက်အကူပြု Teaching Assistant (TA) နှင့် တိုင်းရင်းသားဘာသာစာပေသင် Language Teacher (LT) ဆရာ ဆရာမများနှင့်တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ယနေ့ တိုင်းရင်းသားဘာသာစာပေသင် ဆရာ ဆရာမများနှင့် တွေ့ဆုံရသည့် အကြောင်းရင်းသည် ဆရာ ဆရာမများ ကြုံတွေ့နေရသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးရန်နှင့် ပိုမိုတိုးတက်သင်ကြားနိုင်ရန် ဖြစ်သည့်အတွက် အခက်အခဲများကို ပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်များနှင့် တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများက အမြဲတမ်းဝန်ထမ်းအဖြစ် ကူးပြောင်းခွင့်ရရှိရေး၊ ထူးချွန်ကျောင်းသားကျောင်းသူများအား ပညာရေးစုံညီပွဲတော်တွင် ဆုများ ချီးမြှင့်ပေးနိုင်ရေးအပါအဝင် လက်တွေ့လုပ်ငန်းခွင်တွင် ကြုံတွေ့နေရသည့် အခက်အခဲများ ဆွေးနွေးတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အာရှသိပ္ပံစခန်းချနေထိုင်ခြင်း အစီအစဉ်သို့ မြန်မာနိုင်ငံမှ ကျောင်းသား နှစ်ဦးနှင့် ကျောင်းသူ သုံးဦးတို့ တက်ရောက်ခွင့်ရရှိ

ရန်ကုန် ဩဂုတ် ၂

တရုတ်နိုင်ငံဟောင်ကောင်ဒေသ ဟောင်ကောင် တက္ကသိုလ်၌ ဩဂုတ် ၂ ရက်မှ ၈ ရက်အထိ ကျင်းပမည့် (၁၆)ကြိမ်မြောက် အာရှသိပ္ပံ စခန်းချနေထိုင်ခြင်း အစီအစဉ် (Asian Science Camp 2026)သို့မြန်မာနိုင်ငံမှကျောင်းသား နှစ်ဦးနှင့် ကျောင်းသူသုံးဦးတို့ တက်ရောက်ခွင့်ရရှိကြသည်။




အာရှသိပ္ပံ စခန်းချနေထိုင်ခြင်း အစီအစဉ်ကို ၂၀၀၇ ခုနှစ်မှစတင်ခဲ့ပြီး ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ အစ္စရေး၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ် စသော အာရှတိုက်တွင်း နိုင်ငံများတွင် နှစ်စဉ်ကျင်းပခဲ့သည်။

အာရှတိုက်မှ နိုဘယ်ဆုရ သိပ္ပံပညာရှင်များ လာရောက်၍ ကျောင်းသား ကျောင်းသူ လူငယ်များနှင့်အတူ စခန်းချနေထိုင်ကြပြီး သိပ္ပံပညာရပ်ဆိုင်ရာ ဟောပြောပွဲများ၊ လေ့လာရေးခရီးများ၊ သိပ္ပံပညာရပ်ဆိုင်ရာ ပြိုင်ပွဲများပါဝင်ကာ နှစ်စဉ်အာရှတိုက်မှ လူငယ် ၃၀၀ ခန့် ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**မျိုးမင်းသူရ**

❖ **ကျောက်ဆည်မှ**

ခေတ်မြေဩဇာများကို လိုအပ်သည့်အချိန်၌ အချိုးကျသုံးစွဲခြင်း စသည့်နည်းစနစ် သုံးမျိုးဖြင့် စိုက်ပျိုးထားခြင်းအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး ဝါသီးနှံသည် အကြိမ်ကြိမ်ခွဲ၍ကောက်သိမ်းရသောသီးနှံဖြစ်ပြီး ယနေ့အချိန်၌ ဝါစိုက်တောင်သူများအတွက် လုပ်သားစရိတ်နှင့် လုပ်သားရှားပါးမှုပြဿနာများ ကြုံတွေ့နေရကြောင်း၊ ဝါကောက်စရိတ် များပြားလာခြင်းနှင့် အကြိမ်ကြိမ်ဝါကောက်သိမ်းရခြင်းကြောင့် အကျိုးအမြတ်နည်းနိုင်ကြောင်း၊ တစ်ကြိမ်တည်းဖြင့် ဝါကောက်သိမ်းနိုင်သည့်နည်းစနစ်ဖြင့် စိုက်ပျိုးပါက လုပ်သားစရိတ်လျှော့ချနိုင်ပြီး အကျိုးအမြတ်ပိုမိုရရှိနိုင်ကြောင်း၊ ဝါပင်သက်တမ်းလျှော့ချနိုင်ပြီး တစ်ပြိုင်နက်တည်း ဝါကောက်သိမ်းနိုင်ခြင်းဖြင့် နောက်ထပ်စိုက်ပျိုးမည့်သီးနှံကို ရာသီအမီ စိုက်ပျိုးနိုင်ကြောင်း စသည့်အကျိုးကျေးဇူးများကို ဒေါက်တာအေးအေးမြတ်က ရှင်းပြသည်။

ထို့နောက် တန်းကြား ၂ ပေခွဲ၊ ပင်ကြား ၆ လက်မ ပင်ကျပ်စနစ်ဖြင့် စိုက်ပျိုးထားရှိသော ရက်ပေါင်း ၁၄၀ သက်တမ်းရှိ တစ်ပြိုက်နက်တည်း ဝါကောက်စနစ်ဖြင့်စိုက်ပျိုးထားသည့် ဝါပေါက်နေသည့် သရုပ်ပြစိုက်ခင်း၌ တက်ရောက်လာသောတောင်သူများ စုပေါင်းဝါကောက်သိမ်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

✻ **မကွေးမှ**

တောင်သူ ဦးအောင်သူရ၏ ချည်မျှင်ရှည်ဝါ အထွက်တိုးစံပြကွက် နှစ်ဧကကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း ပန်းတော်ပြင်ကျေးရွာရှိတစ်သျှူးငှက်ပျောစိုက်ခင်းကိုလည်း ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ဝင်းမြတ်(အထက်မင်းလှ)**




## ကဝမြို့နယ်၌ ဆန်၊ ဆီ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိ

ကဝ ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် ဆန်၊ ဆီ၊ အသား၊ ငါး၊ ဘဲဥ၊ ကြက်ဥနှင့်ဟင်းသီးဟင်းရွက်များကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာဈေးကြီး၌ ရောင်းချပေးလျက်ရှိသည်။

**ရောင်းချပေး**

ထိုသို့ရောင်းချပေးရာတွင် မြို့နယ်ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီကကြီးကြပ်၍ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက်ဆက်သွယ်ကာ ရောင်းချပေးလျက်ရှိကြောင်း၊ သက်သာသောဈေးနှုန်း၊ မှန်ကန်သော အလေးချိန်များဖြင့် ယခုရက်သတ္တပတ်၌ ဆန်၊ ဆီ၊ အသား တိုးကြက်သား၊ တိုင်းရင်းကြက်၊ ဝက်သား၊ အမဲသား၊ ကြက်ဥ စသည်တို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်ရှိ အသုံးချသုတေသနနှင့် ဆိတ်မျိုးထိန်းမျိုးပွားခြံ(သဖန်းခြံ)၌ ဒေသသိုး၊ ဆိတ်မျိုးရင်းများ ထိန်းသိမ်းခြင်းနှင့် မျိုးမြှင့် မျိုးပွားခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ အသုံးချသုတေသနနှင့် ဆိတ်မျိုးထိန်း မျိုးပွားခြံ(သဖန်းခြံ)၌ ဒေသသိုး၊ ဆိတ် မျိုးရင်းများ ထိန်းသိမ်းခြင်းနှင့် မျိုးမြှင့်မျိုးပွား ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းသည် ယမန်နေ့က သွားရောက် ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှု ကောင်းမွန်သော ဆိတ်နှင့်သိုးများ မွေးမြူထုတ်လုပ်နိုင်ရန်နှင့် မျိုးမြှင့်တင်ခြင်းကို အထူးကြိုးစား ဆောင်ရွက်ရန် မှာကြားသည်။

ထို့ပြင် ဆူးဖြူကွက်ကျေးရွာမှ ဆိတ်မွေးမြူသူ တောင်သူများနှင့် တွေ့ဆုံပြီး ဒေသရေမြေ ရာသီဥတုနှင့် ကိုက်ညီသည့် ဆိတ်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး၊ ပြည်တွင်း အစာကုန်ကြမ်းအခြေခံ တိရစ္ဆာန်အစာအသုံးပြုနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ခရီးစဉ်အတွင်း ပုဂ္ဂလိက ဆိတ်မွေးမြူရေးခြံများကိုလည်း သွားရောက်ကြည့်ရှုအားပေးခဲ့သည့်အပြင် မိတ္ထီလာ၊ ပျော်ဘွယ်နှင့် ရမည်းသင်းမြို့နယ်တို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများအား သက်ဆိုင်ရာရုံးများ၌ တွေ့ဆုံကာ ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ မွေးမြူရေးထွက်ကုန် အခြေခံ အသေးစား၊ အငယ်စားနှင့် အလတ်စား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဇီဝလုံခြုံမှု အလေးထား ဆောင်ရွက်ရေးနှင့် မွေးမြူရေး တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## ရွှေတောင်မြို့နယ်၌ ဆိုလာ၊ ဆိုလာပန့်နှင့် မော်တာပစ္စည်းများ ပေးအပ်ပွဲကျင်းပ

ရွှေတောင် ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ( ဒုတိယအကြိမ်) ချေးငွေဖြင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်မည့် ဒေသခံတောင်သူများသို့ ဆိုလာ၊ ဆိုလာပန့်နှင့် မော်တာပစ္စည်းများပေးအပ်ပွဲကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက ရွှေတောင်မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဆိုလာ၊ ဆိုလာပန့်နှင့် မော်တာပစ္စည်းများပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ တိုင်းဦးစီးမှူး ဦးတင်မောင်သန်းက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများထုတ်ပေးရခြင်း ရည်ရွယ်ချက်များ၊ ချေးငွေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပေးဆပ်ရမည့်ကာလ၊ အတိုးနှုန်းထားတို့ကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ဒေသခံတောင်သူများထံ ဆိုလာ၊ ဆိုလာပန့်နှင့် မော်တာပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**



## တွံတေးမြို့နယ်အတွင်း ကျေးလက်လမ်းတံတားလုပ်ငန်း ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

တွံတေး ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ)၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် အကောင်အထည် ဖော်ဆောင်ရွက်မည့် ကျေးလက်လမ်းတံတားလုပ်ငန်းများကို မြေပြင်ကွင်းဆင်းစစ်ဆေးကာ လိုအပ်သည်များအား မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

**★ ထိုင်းဘုရင့်ဖလားမှ**

မြန်မာပိုက်ကျော်ခြင်းအသင်းသည် အမျိုးသားပွဲစဉ်များအဖြစ် အသင်းလိုက် သုံးယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲ၊ လေးယောက်တွဲပြိုင်ပွဲနှင့် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ၊ အမျိုးသမီးပွဲစဉ်များအဖြစ် နှစ်ယောက်တွဲပြိုင်ပွဲ၊ လေးယောက်တွဲပြိုင်ပွဲနှင့် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာပိုက်ကျော်ခြင်းအသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးသန်းလွင်၊ နည်းပြ(အမျိုးသားအသင်း)- ဦးကျော်မင်းစိုး၊ ဦးထက်ဇော်၊ နည်းပြ(အမျိုးသမီးအသင်း) ဦးအောင်ချိုမြင့်၊ ဒေါ်နမ့်ယဉ်ယဉ်မြင့်၊ ကစားသမားများအဖြစ် အမျိုးသား - ထူးအောင်ကျော်၊ ဟန်ဝင်းထွဋ်၊ ထွန်းဝဏ္ဏအောင်၊ အောင်ဇော်ဟိန်း၊ ရဲထက်၊ ချစ်လွန်းပို၊ အောင်မျိုးကျော်၊ ကျော်မင်းသူ၊ ဇော်မင်းခန့်၊ အောင်အောင်၊ ရန်ပိုင်စိုး၊ သက်ပိုင်စိုး၊ ဇင်လင်းထူး၊ အမျိုးသမီး-ချယ်ရီလင်းသစ်၊ ယဉ်ယဉ်ဌေး၊ စန်းသီတာမိုး၊ ဖူးဖူး၊ ဆုမွန်ကျော်၊ နှင်းနှင်းဝေ၊ နန့်မေသူထွေး၊ ရွှန်းလဲ့ဇင်တို့ ပါဝင်ကြသည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အောင်မြင်မှုများလည်း ရယူနိုင်ခဲ့သည်။

**သတင်း - မောင်စံကြီး၊ ဓာတ်ပုံ - ISTAF**

## သဃ်န်းကျွန်းမြို့နယ်၌ အသစ်ခန့် ဆရာ ဆရာမများအား ကြိုဆိုပွဲပြုလုပ်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း သီရိသုဝဏ္ဏ ပညာခန်းမတွင် ပညာရေးဒီဂရီကောလိပ်များမှ ပညာရေးနှင့် သင်ပြနည်း ဒီပလိုမာသင်တန်း (Dip-EP) အမှတ်စဉ်(၁) သင်တန်းဆင်းများအား သဃ်န်းကျွန်းခရိုင်အတွင်းရှိ မြို့နယ်များ၌ လစ်လပ်နေသည့် လက်ထောက် မူလတန်းပြ ရာထူးနေရာများသို့ ခန့်အပ်ခြင်းကြိုဆိုပွဲကို ဇူလိုင် ၃၁ ရက်က ပြုလုပ်သည်။

ဦးစွာ သဃ်န်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ အဆိုပါ ပညာရေးဒီဂရီကောလိပ်များမှ ပညာရေးနှင့် သင်ပြနည်းဒီပလိုမာ သင်တန်း အသစ်ခန့် ဆရာ ဆရာမ ၅၈ ဦးအား သဃ်န်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့တွင် လစ်လပ်နေသည့် လက်ထောက်မူလတန်းပြ ရာထူးနေရာများသို့ ခန့်အပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## ရမည်းသင်းမြို့၌ စားသုံးဆီဈေးနှုန်းချိုသာစွာ ရောင်းချပေး

ရမည်းသင်း ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ မြို့နယ်ဆီလုပ်ငန်းရှင်ကြီးများအသင်းက မြို့ပေါ် ရပ်ကွက်ရှိ အိမ်ထောင်စုဝင် ၁၃၂၀ အား ဆီပိဿာအလုံး ၃၀ ကို ယမန်နေ့နံနက်ပိုင်းက ရောင်းချပေးလျက်ရှိသည်။

အဆိုပါ စားအုန်းဆီရောင်းချနေမှုတွင် ရမည်းသင်းမြို့ ပဒေသာကုန်စုံဆိုင်နှင့် ဝိုင်းကုန်စုံဆိုင်တို့တွင် ဆီကုန်သည်ကြီးများအသင်းတို့က ကြီးကြပ်၍ ရောင်းချပေးလျက်ရှိပြီး အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ ၂ ပိဿာ ၅၀ ကျပ်သားကို ရောင်းချခဲ့ကာ မြို့ပေါ် ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားများ လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**အေးခိုင်(ပြန်/ဆက်)**

## ကိုယ်ပိုင်ကျောင်းများအသင်း ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်း တတိယအကြိမ်မြောက် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M3 ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းနာယက ဆရာကြီး ဦးသန်းနိုင်က အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ(ဟောင်း)ဆရာကြီး ဒေါက်တာဇီဝက အမှာစကားပြောကြားသည်။ ထို့နောက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်က ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ (အသစ်)နှင့်ဗဟိုအလုပ်အမှုဆောင်များအား ရွေးချယ်တင်မြှောက်ကြသည်။ ယင်းနောက် အသင်းဥက္ကဋ္ဌဟောင်းက ဥက္ကဋ္ဌသစ်သို့ တာဝန်လွှဲပြောင်းပေးအပ်ပြီး ဥက္ကဋ္ဌသစ် ဦးနေအုပ်(စိန်ပေါလ်)က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ဗလ**







# လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာများ ထောက်ပံ့

ပုသိမ် ဩဂုတ် ၂

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ခတ္တာကျေးရွာအုပ်စု ရွာသစ်စုကျေးရွာ ဓမ္မာရုံနှင့် ခတ္တာကျေးရွာ ဦးဘစိုဓမ္မာရုံတို့ရှိ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာ၊ ရေသန့်နှင့် အခြေခံစားသောက်ကုန်များကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ထောက်ပံ့ပေးအပ်သည်။**(အပေါ်ဝဲပုံ)**

ထိုသို့ သွားရောက်ထောက်ပံ့စဉ် ဒေသခံပြည်သူများ ဆက်သွယ်ရေးကွန်ရက်များ မပြတ်တောက်စေရေး၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံများအတွက် လိုအပ်သည့်စက်သုံးဆီများ ဖြည့်ဆည်းပေးနိုင်ရေး၊ ဖုန်းနှင့် လျှပ်စစ်ပစ္စည်းများ အလွယ်တကူအားသွင်းနိုင်ရေးအတွက် ဆိုလာစနစ်နှင့် မီးစက်များ မောင်းနှင်ပေးနိုင်ရေးတို့ကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ရွာသစ်စုကျေးရွာဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ စတုမုခစေတီတော်ကြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်း ကြည့်ရှုအားပေးသည်။

ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ဦးစီး၍ လက်ရှိ ကမ်းရင်းတာ(တာဟောင်း)အား ရေတိုက်စားပြိုကျမှုမှ ကာကွယ်နိုင်ရန်အတွက် တာခြေ ထောက်ခြင်းလုပ်ငန်းများအဖြစ် Geo Bag ကမ်းထိန်းအိတ်များချခြင်း၊ မျောတုတ်တန်းကာ၍ သဲအိတ်ဖြည့်ခြင်းလုပ်ငန်းများ၊ ကမ်းရင်းတာ (တာဟောင်း) ပေ ၁၂၀ ရေဝင်ပေါက်အား ဘေးနှစ်ဖက် မျောတုတ်တန်းများရိုက်၍ သဲအိတ်များထည့်ကာ ရေစီးကြောင်းအရှိန်လျှော့ချရေး ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ ပန်းတာအား ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သော တိုင်းတာမှုလုပ်ငန်းများနှင့် ပစ္စည်းစုဆောင်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ယာပုံ)**

ထိုသို့ သွားရောက်ကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေစီးကြောင်း အရှိန်လျှော့ချရေးနှင့် ရေနက်စီးကြောင်း ပိတ်ဆို့ဟန့်တားရေးအတွက် Geo Bag များ၊ ကျောက်ဖြည့်သံခြင်းချခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် သဲနှင့် ကျောက်များကို အနီးဆုံးနေရာများမှ သယ်ယူရရှိရေးနှင့် စက်ယန္တရားများ အမြန်ဆုံးရောက်ရှိရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

**✤ လေးမျက်နှာမှ**

လူမှုကယ်ဆယ်ရေး အဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးသင့် ပြည်သူများအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးမှု၊ ပစ္စည်းများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းမှု၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးမှု၊ လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးမှု၊ မြစ်ရေဝင်ရောက်မှုအား ကာကွယ်ရန် ရေရှိန်တား ပြုလုပ်နေမှုနှင့် ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် နယ်မြေခံတပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

---

**○ ရွှေဖုံးမှ**

ငှက်ဖျားရောဂါ ရှိ/မရှိ သွေးစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၂၀၂ ဦးတို့အား တီဘီရောဂါ ရှိ/မရှိ ဓာတ်မှန်ရိုက်စစ်ဆေးပေးခြင်းနှင့် သလိပ်စစ်ဆေး၍ လိုအပ်သော ကုသမှုများပေးခြင်း၊ ကလေး ၄၆၉ ဦးတို့ကို ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးပေးခြင်းနှင့် ကာကွယ်ဆေးများထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ဒေသခံပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာအချောထည် အရောင်းပြပွဲစာနယ်ဇင်းရှင်းလင်း

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်း ဒေသကြီး ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပမည့် ပဉ္စမအကြိမ်မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာအချောထည်အရောင်းပြပွဲ ၂၀၁၆ နှင့် ပတ်သက်၍ အရောင်းဆိုင်ရှင် Exhibitor များနှင့် စာနယ်ဇင်းမီဒီယာများ တွေ့ဆုံရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် လှိုင်မြို့နယ် ပြည်လမ်းရှိ Lotte Hotel ၌ ကျင်းပသည်။




ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ ဦးအောင်ကျော်ဇင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ အတွင်းရေးမှူး(၁) ဦးသီဟန်သိန်းက ပြပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ(၂) ဒေါ်ယဉ်ယဉ်မွေးက ဒီဇိုင်းပြိုင်ပွဲကျင်းပခြင်းနှင့် ကံစမ်းမဲရွေးချယ်ပေးအပ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း၏ ဒုတိယဥက္ကဋ္ဌ(၃) ဒေါ်မျိုးမျိုးသန့်က ဖိတ်ကြားရေးနှင့် ပတ်သက်သည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ(၄)ဒေါ်မိုးမိုးရွှေက ပညာရပ်ဆိုင်ရာ ဟောပြောပွဲနှင့် ကျောက်မျက်ဓာတ်ခွဲခန်း ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ အချောထည် အရောင်းပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာအချောထည် ကဏ္ဍကိုပြည်တွင်းမှ နိုင်ငံတကာအထိ ထိုးဖောက်နိုင်ရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက အသင်းတည်ထောင်ခြင်း(၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဩဂုတ် ၆ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆိုင်ခန်းပေါင်း ၁၅၀ ကျော်တို့က ခေတ်မီ ကျောက်မျက်ရတနာအမျိုးပေါင်း ၁၃၀ ကျော်တို့ဖြင့် ခင်းကျင်းပြသမည် ဖြစ်သည်။ ထို့ပြင် လူငယ်များအတွက် ကျောက်မျက် အကြောင်း သိကောင်းစရာ စကားဝိုင်းများထည့်သွင်းသွားမည် ဖြစ်ပြီး ကျောက်မျက် လေလံပွဲများပါ ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

---

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကိုရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# အငြိမ်းစားတို့ စိတ်ချမ်းသာစေမည့် မြန်မာ့စီးပွားရေးဘဏ်၏ နည်းပညာခြေလှမ်းသစ်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇ မိုးသီတာ(မြန်မာ့စီးပွားရေးဘဏ်) ◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

အငြိမ်းစားမိဘပြည်သူများက နိုင်ငံ့ဝန်ထမ်းဘဝတစ်လျှောက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို နှစ်ပြည့်/သက်ပြည့် ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးနောက် ရရှိလာသည့်ပင်စင်လစာများကို မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ထုတ်ယူလေ့ရှိရာ မြန်မာ့စီးပွားရေးဘဏ်သည် အငြိမ်းစားများ၏ ပင်စင်လစာထုတ်ပေးခြင်းလုပ်ငန်းကို ၁-၁၀-၁၉၇၂ ရက်နေ့မှစ၍ တာဝန်ယူဆောင်ရွက်ခဲ့ရပြီး ကာကွယ်ရေးပင်စင်၊ မြို့ပြပင်စင်၊ နိုင်ငံရေးပင်စင်၊ မြန်မာ့စီးပွားရေးဘဏ်ပင်စင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ပင်စင်ဟူသည့် ပင်စင်အမျိုးအစား (၅)မျိုးဖြင့် ထုတ်ပေးလျက်ရှိပါသည်။

၁-၄-၂၀၂၅ ရက်နေ့မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြို့ပြပင်စင်မှခွဲထွက်၍ ရဲတပ်ဖွဲ့ပင်စင်အဖြစ် ရပ်တည်ခဲ့သည့်အတွက် ယခုအချိန်တွင် ပင်စင်အမျိုးအစား(၆)မျိုးဖြင့် ထုတ်ပေးလျက်ရှိပါသည်။

ပထမဦးစွာ အငြိမ်းစားလစာထုတ်စာအုပ်ဖြင့် ထုတ်ယူခဲ့သည့်စနစ်ကို လေ့လာကြည့်မည်ဆိုပါက အငြိမ်းစားအနေဖြင့် ပင်စင်လစာထုတ်ယူနိုင်ရန်အတွက် ဘဏ်သို့ အငြိမ်းစားလစာတောင်းခံလွှာအား ၁ ရက်မှ ၁၈ ရက်အတွင်း အငြိမ်းစားလစာထုတ်စာအုပ်နှင့်အတူ တင်ပြရပြီး ဘဏ်မှအငြိမ်းစားသို့ ပင်စင်လစာထုတ်ယူရမည့် ရက်စွဲပါဝင်သော တိုကင်ပြန်ပေးပါသည်။ လစဉ်လမကုန်ဆုံးမီ သုံးရက်အတွင်း အငြိမ်းစားမှ တိုကင်တွင်ပါဝင်သည့် နေ့ရက်တွင် ဘဏ်သို့လာရောက်၍ တိုကင်ကိုတင်ပြပြီး ပင်စင်လစာအားထုတ်ယူရပါသည်။ သုံးရက်အတွင်း မထုတ်ဖြစ်သော ပင်စင်လစာများကို ၁၁ ရက်နေ့နှင့် ၁၈ ရက်နေ့တွင် လစာကျန်များ ထုတ်ပေးပါသည်။ အငြိမ်းစားသည် ဘဏ်သို့ အနည်းဆုံးနှစ်ကြိမ် လာရောက်ရပါသည်။

အငြိမ်းစားများပင်စင်လစာထုတ်ယူရန်အတွက် ဘဏ်သို့တစ်ကြိမ်ထက်ပို၍ လာရောက်ရခြင်း၊ ဘဏ်တွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရခြင်းတို့မှ ကင်းဝေးစေရန်ရည်ရွယ်ကာ ပင်စင်လစာများကို IT နည်းပညာအသုံးပြုပြီး လွယ်ကူလျင်မြန်စွာဖြင့် အချိန်မရွေးထုတ်ယူနိုင်စေရန်အတွက် e-Pension စနစ်ဖြင့် ပင်စင်လစာထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ဘဏ်ခွဲပေါင်း ၃၀၃ ဘဏ်တွင် e-Pension စနစ်ဖြင့် ပင်စင်လစာများ ထုတ်ပေးလျက်ရှိပါသည်။

e-Pension ကတ်ဖြင့် ပင်စင်ထုတ်ယူပါက အငြိမ်းစားများက ဘဏ်သို့ နှစ်ကြိမ်လာရောက်ရန်မလိုဘဲ e-Pension Card တင်ပြရုံဖြင့် ဘဏ်ဖွင့်လှစ်သည့်နေ့ရက်များ၏ ဘဏ်လုပ်ငန်းချိန်အတွင်း ပင်စင်လစာငွေထုတ်ယူနိုင်ပါသည်။ အငြိမ်းစားတစ်ဦးသည် လတစ်လ၏(၂၁)ရက်နေ့တွင် ပင်စင်လစာထုတ်ယူမည်ဆိုပါက အဆိုပါလ၏လစာအားထုတ်ယူနိုင်မည်ဖြစ်ပြီး (၂၁)ရက်နေ့မတိုင်မီထုတ်ယူပါက ပြီးခဲ့သည့်လ၏ ပင်စင်လစာအတွက်သာ ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ အငြိမ်းစားများဘဏ်သို့လာရောက်ခြင်းမပြုနိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့်ထုတ်ယူနိုင်ပြီး အငြိမ်းစားသက်ရှိထင်ရှားရှိကြောင်း (၁)နှစ်လျှင်တစ်ကြိမ် လူတွေ့စစ်ဆေးရပါမည်။

ယခုအခါ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမှု၊ နည်းပညာ တိုးတက်ပြောင်းလဲလာမှုတို့ကြောင့် ပင်စင်လစာထုတ်ယူမှုကို အချိန်ကုန်သက်သာ၍ ပိုမိုလွယ်ကူစေသည့် နည်းလမ်းများကို ရွေးချယ်အသုံးပြုနိုင်ကြပြီဖြစ်ရာ အငြိမ်းစားများအနေဖြင့် ပင်စင်လစာများကို အောက်ဖော်ပြပါနည်းလမ်းများဖြင့် အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်ပါသည်။

**(က) ဘဏ်သို့မိမိကိုယ်တိုင်သွားရောက်၍ဖြစ်စေ (သို့မဟုတ်) ကိုယ်စားလှယ်စေလွှတ်၍ဖြစ်စေ ထုတ်ယူခြင်း**

ပုံမှန်အားဖြင့် အငြိမ်းစားများသည် သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့ လူကိုယ်တိုင်လာရောက်ထုတ်ယူလေ့ရှိပါသည်။ ထိုသို့ထုတ်ယူရာတွင် မိမိတို့တွင်ရှိသည့် ပင်စင်လစာထုတ်စာအုပ် (သို့မဟုတ်) e-Pension ကတ်ဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ငွေသားဖြင့်ထုတ်ယူနိုင်သကဲ့သို့ စာရင်းပြောင်းနည်းလမ်းများဖြင့်လည်း Standing Instruction ပေး၍ ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ပင်စင်လစာများကို ကိုယ်စားလှယ်ဖြင့်ထုတ်ယူလိုသူများအနေဖြင့် သက်ဆိုင်ရာဘဏ်များမှ ထုတ်ပေးထားသည့် ကိုယ်စားလှယ်လွှဲစာတွင် အငြိမ်းစားက လက်မှတ်ရေးထိုးပေးရမည်ဖြစ်ပြီး ပြန်တမ်းဝင်အရာရှိ (သို့မဟုတ်) သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ လက်မှတ်ပါရှိရပါမည်။

**(ခ) မိုဘိုင်းဖုန်းကိုအသုံးပြု၍ ထုတ်ယူခြင်း (Myanmar Mobile Money (MMM)၊ Wave Money)**

အငြိမ်းစားများအနေဖြင့် ပင်စင်လစာထုတ်ယူရာတွင် အချိန်ကုန်သက်သာစေရန်၊ အဆင်ပြေချောမွေ့စေရန်နှင့် ဘဏ်တွင် လူအများစုပြုံထုတ်ယူခြင်းမှ ကင်းဝေးစေရန်အတွက် မိမိတို့၏မိုဘိုင်းဖုန်းများရှိ Wallet Application ကိုအသုံးပြု၍ နီးစပ်ရာကိုယ်စားလှယ်များ (Mobile Agent) ထံတွင် သွားရောက်ထုတ်ယူနိုင်ပါသည်။ ထိုနည်းလမ်းကို အသုံးပြုလိုသည့် အငြိမ်းစားအနေဖြင့် သက်ဆိုင်ရာဘဏ်တွင်လျှောက်ထားရန် လိုအပ်ပါသည်။

**(ဂ) ငွေစုဘဏ်စာရင်း၊ စာရင်းရှင်စာရင်း၊ ATM စာရင်းသို့ ပြောင်းလဲထည့်သွင်း၍ ထုတ်ယူခြင်း**

အငြိမ်းစားများအနေဖြင့် ပင်စင်လစာများကို ဘဏ်သို့ကိုယ်တိုင်သွားရောက်၍ မထုတ်ယူလို၊ Mobile Agent များကိုလည်းအသုံးပြု၍ မထုတ်ယူလိုပါက ငွေစုဘဏ်စာရင်းဖွင့်လှစ်ခြင်း (သို့မဟုတ်) စာရင်းရှင်စာရင်းဖွင့်လှစ်ခြင်း (သို့မဟုတ်) ATM စာရင်းဖွင့်လှစ်၍ မိမိတို့၏ပင်စင်လစာများကို ပြောင်းလဲထည့်သွင်းကာ ထုတ်ယူနိုင်ပါသည်။ ထိုသို့ထုတ်ယူနိုင်ရန်အတွက် မိမိတို့၏ e-Pension ကတ်ကို ဘဏ်သို့ပြန်လည်အပ်နှံရန်မလိုဘဲ ငွေစုဘဏ်စာရင်း (သို့မဟုတ်) စာရင်းရှင်စာရင်း (သို့မဟုတ်) ATM စာရင်းသို့ ပြောင်းလဲထုတ်ယူလိုကြောင်း သက်ဆိုင်ရာဘဏ်တွင် လျှောက်ထားရန်လိုအပ်ပါသည်။

❝ အငြိမ်းစားများအနေဖြင့် ပင်စင်လစာများကို ဘဏ်သို့ကိုယ်တိုင်သွားရောက်၍မထုတ်ယူလို၊ Mobile Agent များကိုလည်း အသုံးပြု၍ မထုတ်ယူလိုပါက ငွေစုဘဏ်စာရင်းဖွင့်လှစ်ခြင်း (သို့မဟုတ်) စာရင်းရှင်စာရင်းဖွင့်လှစ်ခြင်း(သို့မဟုတ်) ATM စာရင်းဖွင့်လှစ်၍ မိမိတို့၏ပင်စင်လစာများကို ပြောင်းလဲထည့်သွင်းကာ ထုတ်ယူနိုင်ပါသည်။ ထိုသို့ထုတ်ယူနိုင်ရန်အတွက် မိမိတို့၏ e-Pension ကတ်ကို ဘဏ်သို့ပြန်လည်အပ်နှံရန်မလိုဘဲ ငွေစုဘဏ်စာရင်း (သို့မဟုတ်) စာရင်းရှင်စာရင်း (သို့မဟုတ်) ATM စာရင်းသို့ ပြောင်းလဲထုတ်ယူလိုကြောင်း သက်ဆိုင်ရာဘဏ်တွင် လျှောက်ထားရန်လို ❞

မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ပင်စင်လစာထုတ်ယူနေသည့် အငြိမ်းစားများအနေဖြင့် ကိုယ်တိုင်ထုတ်ယူခြင်းဖြစ်ပါက တစ်နှစ်တစ်ကြိမ် လူပုဂ္ဂိုလ်မှန်ကန်ကြောင်း၊ သက်ရှိထင်ရှားရှိကြောင်း လူတွေ့စစ်ဆေးခြင်းကို လူကိုယ်တိုင်ဖြင့်ဖြစ်စေ၊ Video Call ဖြင့်ဖြစ်စေ စစ်ဆေးမှုကို ခံယူရပါမည်။ မိသားစုပင်စင်ခံစားနေသည့် အငြိမ်းစားများအနေဖြင့်နောက်အိမ်ထောင်မပြုသေးကြောင်း ထောက်ခံစာနှင့်အတူ (၆)လတစ်ကြိမ် လူတွေ့စစ်ဆေးမှုခံယူရမည် ဖြစ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်တွင် e-Pension စနစ်ဖြင့် ပင်စင်လစာထုတ်ယူရာတွင် အငြိမ်းစားလူပုဂ္ဂိုလ်မှန်ကန်မှုရှိ-မရှိစိစစ်နိုင်ရန်၊ ပင်စင်လစာလိမ်လည်ထုတ်ယူမှုကျူးလွန်သူများအား Face ID ဖြင့် စိစစ်မှုပြုလုပ်နိုင်ရန်နှင့် အငြိမ်းစားများအနေဖြင့် မိမိ၏ ပင်စင်လစာထုတ်ယူနေသည့်ဘဏ်ခွဲတွင်သာမက ကြိုက်နှစ်သက်ရာ မည်သည့်ဘဏ်ခွဲတွင်မဆို ထုတ်ယူနိုင်ရန်အတွက် ဘဏ်ခွဲများရှိ အငြိမ်းစားများ၏ အချက်အလက်များ၊ ပင်စင်လစာထုတ်ပေးမှုဆိုင်ရာ အချက်အလက်များအားလုံးကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်ရည်ရွယ်၍ ပထမအဆင့်အနေဖြင့် Centralized e-Pension စနစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအထိ ဘဏ်ခွဲပေါင်း ၁၉၆ ဘဏ်တွင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါဘဏ်ခွဲများတွင် ပင်စင်လစာထုတ်ယူနေသည့် အငြိမ်းစားများအနေဖြင့် Centralized e-Pension စနစ်ဆောင်ရွက်နေသည့် ကြိုက်နှစ်သက်ရာဘဏ်ခွဲများတွင် ပင်စင်လစာများကို ဝန်ဆောင်ခအခမဲ့ဖြင့် ထုတ်ယူနိုင်ပါသည်။

Centralized e-Pension စနစ်ဆိုသည်မှာ အငြိမ်းစား၏အချက်အလက်များကို ယခင်က ဘဏ်ခွဲရှိ ကွန်ပျူတာတွင်ထားရှိသည့် Distributed စနစ်မှ ရုံးချုပ် Data Center တွင် တစုတစည်းတည်းထားရှိသည့် Centralized စနစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ပြီး Internet လိုင်းနှင့် VPN ကိုအသုံးပြု၍ ဘဏ်ခွဲများမှ ပင်စင်လစာထုတ်ပေးသည့်စနစ်ဖြစ်ပါသည်။

ဒုတိယအဆင့်အနေဖြင့် အငြိမ်းစားများအား လူပုဂ္ဂိုလ်မှန်ကန်မှုရှိ-မရှိစိစစ်နိုင်ရန်၊ ပင်စင်လစာလိမ်လည်ထုတ်ယူမှုကျူးလွန်သူများအား Face ID ဖြင့် စိစစ်မှုပြုလုပ်နိုင်ရန်အတွက် မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ e-ID စနစ်တို့ ချိတ်ဆက်ပြီး One-to-One Matching စနစ်ဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် ဘဏ်ခွဲများတွင် အငြိမ်းစားများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အကူအညီဖြင့် Biometric အချက်အလက်များကောက်ယူလျက်ရှိရာ Face ID ဖြင့် လူပုဂ္ဂိုလ်မှန်ကန်မှုရှိ-မရှိ စိစစ်ခြင်းကို အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Centralized e-Pension စနစ်ကို ဆောင်ရွက်ပေးခြင်းအားဖြင့် အငြိမ်းစားများအနေဖြင့် ကွန်ရက်ချိတ်ဆက်ထားသည့် ဘဏ်ခွဲများတွင် ပင်စင်လစာထုတ်ယူနိုင်သည့်အတွက် အချိန်ကုန်သက်သာခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ပင်စင်အမှုတွဲများ ဘဏ်ပြောင်းရွှေ့ရန်မလိုအပ်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိနိုင်သကဲ့သို့ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့်လည်း အငြိမ်းစား၏ အချက်အလက်များကို ရုံးချုပ် Data Center တွင် တစုတစည်းတည်းထားရှိသည့်အတွက် ဘဏ်ခွဲများ၏ ပင်စင်လစာထုတ်ပေးမှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်သည့်အပြင် အခက်အခဲဖြစ်ပေါ်ပါက ချက်ချင်းဖြေရှင်းပေးနိုင်ပြီး IT နည်းပညာအသုံးပြု၍ ခေတ်မီဘဏ်ဝန်ဆောင်မှုလုပ်ငန်းလုပ်ဆောင်ခြင်းအတွက် မှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ပါသည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လအထိ Centralized e-Pension စနစ်ကို ခရိုင်ဘဏ်ခွဲ ၆၁ ဘဏ်နှင့် မြို့နယ်ဘဏ်ခွဲ ၁၃၅ ဘဏ် စုစုပေါင်း ၁၉၆ ဘဏ်တွင် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ကျန်ရှိနေသည့် ဘဏ်ခွဲများ၏ အင်တာနက်လိုင်းရရှိမှုအပေါ် အခြေခံ၍ Centralized e-Pension စနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုသော် မြန်မာ့စီးပွားရေးဘဏ်တွင် လက်ရှိပင်စင်လစာထုတ်ယူနေသည့် အငြိမ်းစားအရေအတွက်မှာ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအထိ ၈၀၀၀၀၀ ကျော်ရှိပြီး အငြိမ်းစားဦးရေ၏ ၈၆ ဒသမ ၈၉ ရာခိုင်နှုန်းမှာ Centralized e-Pension စနစ်ဖြင့် ထုတ်ယူလျက်ရှိပါသည်။ အငြိမ်းစားများအနေဖြင့် ပင်စင်လစာထုတ်ယူနိုင်သည့် နည်းလမ်းများအား လွယ်ကူရှင်းလင်းစွာသိရှိနိုင်ရန်နှင့် ပင်စင်လစာများကို မိမိထုတ်ယူလိုသည့်အချိန်တွင် ထုတ်ယူနိုင်ပါကြောင်းနှင့် Centralized e-Pension စနစ်ဆောင်ရွက်နေသည့် ဘဏ်ခွဲများအမည်စာရင်းနှင့် Myanmar Mobile Money (MMM)၊ Wave Money တို့ဖြင့် ပင်စင်လစာထုတ်ယူနိုင်သည့် ဘဏ်ခွဲများအမည်စာရင်းအား မြန်မာ့စီးပွားရေးဘဏ် Website (https://www.meb.gov.mm) နှင့် မြန်မာ့စီးပွားရေးဘဏ် Facebook Page တို့တွင် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာမှုများ ပြုလုပ်ပေးလျက်ရှိပါကြောင်း မြန်မာ့စီးပွားရေးဘဏ် ပင်စင်လုပ်ငန်း၏ နည်းပညာခြေလှမ်းသစ်များဖြင့် သွားရင်းလာရင်း ပင်စင်ထုတ်နိုင်သည့်ခေတ်ရောက်ပြီ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများအား ကြိုဆို

တောင်ကြီး ဩဂုတ် ၂

၂၀၂၆ ခုနှစ် တိုင်းဒေသကြီး/ပြည်နယ် အမျိုးသား/ အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲများကို ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ လေ့ကျင့်ရေး အားကစားရုံ၌ ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုပွဲကို ယနေ့မွန်းလွဲ ၃ နာရီတွင် တောင်ကြီးမြို့ရှိ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပသည်။



ကြိုဆိုပွဲတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ အမျိုးသား/ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဝင်အသင်းများက အသင်းအလိုက် မိတ်ဆက်ကြပြီး အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစား အသင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

အဆိုပါပြိုင်ပွဲများ ကျင်းပသည့် ရက်များတွင် ပြိုင်ပွဲ ပွဲစဉ်များကို နေ့စဉ် နံနက် ၈ နာရီတွင် စတင်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် ပြည်သူများ အခမဲ့ လာရောက်ကြည့်ရှုအားပေး နိုင်ကြောင်း သိရသည်။

ထက်ဝေ(ပြန်/ဆက်)

# (၁၁)ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီး ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

(၁၁)ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးကို မြန်မာစီးပွားရေး ကော်ပိုရေးရှင်းက အဓိကပံ့ပိုးကူညီပြီး MAI၊ မင်္ဂလာလေကြောင်းလိုင်း၊ A bank၊ Max Cement တို့၏ ပါဝင်ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Arts Group(MMAG)မှ ဩဂုတ် ၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့ခန်းမ၌ ကျင်းပ မည်ဖြစ်သည်။




အဆိုပါပြိုင်ပွဲ (၅၃ ကီလိုတန်း- လေးချီ) ပွဲစဉ်၌ မြန်မာ့လက်ဝှေ့လောက၏မျိုးဆက်သစ် လူငယ်လက်ဝှေ့ကျော်များ ဖြစ်ကြသည့် ဒေါင်းမိုက်သွေး(Nine Lethwei)နှင့် စောရူဘီ (YMA)တို့၏ သွေးသစ်စမ်းအားပြိုင်မှုကိုစတင် မြင်တွေ့ရမည်ဖြစ်သည်။

ဒုတိယတွဲဆိုင်း(၆၅ ကီလိုတန်း - လေးချီ) ပွဲစဉ်၌ မြန်မာ့လက်ဝှေ့ပရိသတ်များ မျက်စိကျ နေသည့် လူငယ်လက်ဝှေ့ကျော် ကရင်အောင်လံဆုရှင် အောင်ကိုလတ်(Ray) နှင့် စောထိန်လင်း (555 Sports)တို့၏အကြိတ်အနယ်ပွဲကိုရင်တမမ ဖြင့် ဆက်လက်ကြည့်ရှုရမည်ဖြစ်သည်။

ရွှေခါးပတ်ပေးမည့် တတိယတွဲဆိုင်း(၅၆ ကီလိုတန်း - ငါးချီ) ပွဲစဉ်၌ ပြည်တွင်း၊ ပြည်ပ ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုကို ရရှိထားသော MLWC ရွှေတံဆိပ်ရှင် ဆလိုင်းထန်ခ္ခီးရိုန် (ကျားမနိုင်)နှင့် Sky Net ရွှေအောင်လံ ဒုတိယဆု၊ SEA Games ကြေးတံဆိပ်ဆုရှင် ဟိန်းထွန်း အောင်(ခေးယူးဝါး)တို့၏ ထိပ်တိုက်အားချင်း ပြိုင် သွေးချင်းဆိုင်ကြမည့် ဆုံတွေ့ပွဲအဖြစ် ကြည့်ရှုကြရမည်ဖြစ်သည်။

ရွှေခါးပတ်တွဲဆိုင်းဖြစ်သော စတုတ္ထတွဲ ဆိုင်း(၆၀ ကီလိုတန်း - ငါးချီ)ပွဲစဉ်၌ MLWC ရွှေခါးပတ်ချန်ပီယံ အဲမ္ဘီ(အဲကညော)နှင့် Sky Net ရွှေအောင်လံဆုရှင် သန့်ဇင်(ပိုင်သွန်တော်ဝင် ဇရာ)တို့၏ ချန်ပီယံ ရွှေခါးပတ်ရှင်နှင့် ရွှေအောင်လံရှင်တို့၏ ဂုဏ်သိက္ခာညှိပွဲအဖြစ် အားပေးကြည့်ရှုကြရမည်။

ရွှေခါးပတ်ပွဲဖြစ်သော ဒုတိယခေါင်ပွဲစဉ် (၆၇ ကီလိုတန်း- ငါးချီ)ပွဲစဉ်၌ MLWC ရွှေတံဆိပ်ရှင် နိုင်ဝင်းထွန်း(Nine Lethwei) နှင့် ကရင်အောင်လံဆုရှင် ကမ္ဘာရှား(ဇာထက် မိတ္ထီလာ)တို့၏ သွေးသတ္တိကို မော်ကွန်းတင် သက်သေပြကြမည့်ပွဲကြီးအဖြစ် မြင်တွေ့ရမည် ဖြစ်သည်။ ရွှေခါးပတ်ပွဲဖြစ်သော ၇၅ ကီလို တန်း(ငါးချီ) စိန်ခေါ်ပွဲကြီးသည် ယခုပွဲစဉ် တစ်ခုလုံး၏အသက်သွေးကြောနှင့် ပရိသတ် စိတ်ဝင်စားမှု အမြင့်ဆုံးပွဲဖြစ်ပြီး ထွန်းမင်းအောင် (Top One)နှင့် ရာမန် (ရိုးရာစွမ်းအား)တို့၏ ယှဉ်ပြိုင်ထိုးသတ်မှုကို ကြည့်ရှုအားပေးရမည် ဖြစ်သည်။

အာကာ

# ၂၀၂၆ Esports World Cup ပြိုင်ပွဲ Mobile Legends: Bang Bang ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos အသင်း ဒုတိယဆုရရှိ

ရန်ကုန် ဩဂုတ် ၂

ပြင်သစ်နိုင်ငံ၌ကျင်းပသည့် ၂၀၂၆ Esports World Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သော မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos အသင်းသည် Mobile Legends: Bang Bang ပြိုင်ပွဲတွင် ဒုတိယဆု ရရှိခဲ့သည်။

Mobile Legends: Bang Bang ပြိုင်ပွဲတွင် နိုင်ငံပေါင်းစုံမှ အသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကာ မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos အသင်းသည် အုပ်စုအဆင့်တွင် ရလဒ်ကောင်းရယူနိုင်ခဲ့ပြီး ကွာတားဖိုင်နယ်တွင် ကမ္ဘောဒီးယားအသင်းဖြစ်သော PRO Esports အသင်းကို ၃-၀ ပွဲ၊ ဆီမီးဖိုင်နယ်တွင် ဖိလစ်ပိုင်အသင်းဖြစ်သော Team Falcons PH အသင်းကို ၃-၂ ပွဲဖြင့် အနိုင်ရရှိကာ Grand Final တက်ရောက်နိုင်ခဲ့သည်။ Grand Final တွင် ရုရှားအသင်းဖြစ်သော Team Spirit အသင်းကို ၄-၃ ပွဲဖြင့် အရေးနိမ့်ကာ ဒုတိယဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ရုရှားအသင်းဖြစ်သော Team Spirit အသင်းက ဆုကြေး ဒေါ်လာ တစ်သန်း၊ ဒုတိယဆုရရှိသော မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos အသင်းက ဆုကြေး ဒေါ်လာ ငါးသိန်း ရရှိခဲ့ကြောင်း သိရသည်။


သတင်း - ကိုညီလေး၊ ဓာတ်ပုံ - Yangon Galacticos



# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)ကို ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာ နေရှင်နယ်လိဂ်ကကြီးမှူး၍ Max Energy ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)ကို ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။



ပွဲစဉ်(၈)အဖြစ် ဩဂုတ် ၃ ရက်တွင် YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် Young Lionesses အသင်း၊ ပဒုမ္မာကွင်း၌ ဖွဲကပင် ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ ဩဂုတ် ၄ ရက်တွင် YUSC ကွင်း၌ ရန်ကုန်စီးတီး အသင်းနှင့် ဧရာဝတီအသင်း၊ ဩဂုတ် ၅ ရက် တွင် YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်း၊ ပဒုမ္မာကွင်း၌ ရတနာပုံအသင်း နှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစား မည်ဖြစ်သည်။

ပွဲစဉ်(၇)အပြီးတွင် အား/ကာသိပ္ပံအသင်း က ၁၉ မှတ်ဖြင့် ဦးဆောင်နေပြီး ဧရာဝတီ အသင်းက ၁၆ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၄ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၃ မှတ်၊ ရတနာပုံအသင်းက ၁၁ မှတ်၊ သစ္စာအားမာန် အသင်းက ၁၀ မှတ်၊ မြဝတီ၊ Young Lionesses နှင့် ဖွဲကပင်ယူနိုက်တက်အသင်းတို့က ခြောက်မှတ်စီရရှိထားကာ ရန်ကုန်စီးတီး အသင်းမှာမူ ခုနစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေး ပေ။ အမျိုးသမီးလိဂ်ပွဲစဉ်များမှာ ယခုရာသီတွင် ပြိုင်ဆိုင်မှုပြင်းထန်လျက်ရှိသလို AYA Pay player of the Match ကိုလည်း တစ်ပွဲလျှင် ငွေကျပ်ငါးသိန်းအထိ တိုးမြှင့်ချီးမြှင့်ပေးလျက် ရှိကြောင်း သိရသည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MWL

# ဘရိုက်တန်အသင်းတိုက်စစ်မှူး ဒန်နီဝဲလ်ဘက်ကို ချယ်လ်ဆီးအသင်းခေါ်ယူ



ချယ်လ်ဆီး အသင်းဟာ ဘရိုက်တန် အသင်းမှ အင်္ဂလန် တိုက်စစ်မှူး ဒန်နီဝဲလ်ဘက်ကို စာချုပ် ချုပ်ဆို ခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။ အသက် ၃၅ နှစ်အရွယ်ရှိ မန်ယူ အသင်းနဲ့ အာဆင်နယ် အသင်းတို့ရဲ့ ကစားသမား ဟောင်း တစ်ဦးဖြစ်သူ ဒန်နီ ဝဲလ်ဘက်ဟာ ချယ်လ်ဆီးအသင်း သို့ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ကာ ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အက်စ်တွန်ဗီလာအသင်းမှ မော်ဂန် ရော်ဂျာနဲ့ အတ္တလန္တာအသင်းမှ မာကိုပလက်စထရာတို့ကို ခေါ်ယူ ထားပြီးဖြစ်တာကြောင့်တိုက်စစ်မှူးဒန်နီဝဲလ်ဘက်ဟာ ယခုအပြောင်း အရွှေ့ကာလအတွင်းမှာ ချယ်လ်ဆီးအသင်း ခေါ်ယူခဲ့တဲ့ တတိယ မြောက် ကစားသမားလည်းဖြစ်ပါတယ်။

တိုက်စစ်မှူး ဝဲလ်ဘက်ဟာ ကစားသမားဘဝကို မန်ယူ အသင်းနဲ့အတူ စတင်ခဲ့ပြီး ၂၀၁၄ ခုနှစ်မှာ ပြောင်းရွှေ့ကြေးပေါင် ၁၆ သန်းဖြင့် အာဆင်နယ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာလည်း ဖြစ်ပါတယ်။ ဒန်နီဝဲလ်ဘက်ဟာ အင်္ဂလန်နိုင်ငံလက်ရွေးစင် အသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ်စုစုပေါင်း ၄၂ ပွဲ ပါဝင်ကစားခဲ့ရာမှာ သွင်းဂိုး ၁၆ ဂိုး သွင်းယူပေးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ငွေကြယ်

# အလင်းရောင်နောက်က အမှောင်ရိပ်နှင့် တရားမဲ့ခြင်း၏ နိဒါန်း

ပါဝါ

**ရိုးသားခြင်းကင်းမဲ့တဲ့အလင်းဟာ အမှောင်ထက် ပိုမိုကြောက်မက်ဖွယ်ကောင်းပါတယ်။ "မီးခိုးတာပဲ ဘာဖြစ်လဲ" ဆိုတဲ့ အတွေးသေးသေးလေးကနေ ဥပဒေကို မလေးစားတဲ့စိတ်ဓာတ် စတင်ပျိုးထောင်မိရာရောက်ပါတယ်။ ဒါဟာ လူ့အဖွဲ့အစည်းတစ်ခုလုံး စည်းကမ်းပျက်ပြားဖို့ လမ်းစခင်းပေးလိုက်ခြင်းဖြစ်ပါတယ်။**

လူတွေဟာ အမှောင်ထုကို မောင်းထုတ်ဖို့ အလင်းရောင်ကို ရှာဖွေကြပါတယ်။ ဒါပေမဲ့ မိမိ အိမ်ခန်းလေး လင်းထိန်ဖို့အတွက် တရားမဝင် စည်းကမ်းမဲ့ ရယူလိုက်တဲ့ လျှပ်စစ်အလင်းတန်းဟာ သင့်နောက်ကွယ်မှာ ပုန်းကွယ်နေတဲ့ 'အမှောင်ရိပ်' တစ်ခုဆိုတာ သတိပြုမိပါရဲ့လား။ ထိုအမှောင်ရိပ်ဟာ စာရိတ္တမဲ့ပြာကျမှုနဲ့ အတ္တဆန်မှုကို အခြေခံနေပါတယ်။ ဥပဒေကို မျက်ကွယ်ပြုပြီး ကိုယ်ကျိုးရှာခြင်းဟာ လူမှုပတ်ဝန်းကျင်တစ်ခုလုံး ပျက်စီးစေမယ့် 'တရားမဲ့ခြင်းရဲ့ နိဒါန်း' ပဲဖြစ်ပါတယ်။


**ခေတ်မီဆန်းပြားတဲ့နည်းလမ်းမျိုးစုံကို အသုံးပြုလာ**

တရားမဝင် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှု (Power Theft) ဆိုတာ လျှပ်စစ်ဓာတ်အားကို တရားဝင် မီတာတပ်ဆင်မှုမပြုဘဲ ရယူသုံးစွဲတာ သို့မဟုတ် တရားဝင်တပ်ဆင်ထားတဲ့ မီတာမှာ မသမာတဲ့နည်းလမ်းတွေ အသုံးပြုပြီး မိမိသုံးစွဲထားတဲ့ လျှပ်စစ်ဓာတ်အားပမာဏ(ယူနစ်) အပြည့်အဝအတွက် ဓာတ်အားခမပေးဆောင်ရစေဖို့ ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ဒီလိုတရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုတွေမှာ သာမန်မီတာတွေကစလို့ ခေတ်မီနည်းပညာမြင့် မီတာတွေအထိ မီတာလိုင်းကျော်သုံးခြင်း (Bypass)၊ မီတာအတွင်းပိုင်း အစိတ်အပိုင်းတွေကို မူလအနေအထား ပျက်ယွင်းအောင် တိုးတက်လာတာနဲ့အမျှ မသမာသူတွေကလည်း ခေတ်မီဆန်းပြားတဲ့ နည်းလမ်းမျိုးစုံကို အသုံးပြုလာကြတာ တွေ့နေရပါတယ်။

သက်ရောက်မှုနဲ့ဆိုးကျိုးတွေ (Impacts & Consequences) ကတော့ တရားမဝင်လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုတွေကြောင့် ဓာတ်အားပျောက်ဆုံးမှုများလာပြီး ဓာတ်အားဖြန့်ဖြူးမှုစနစ်ရဲ့တည်ငြိမ်မှုကိုပါ ထိခိုက်ပါတယ်။ မိမိအိမ်မှာ မီးလင်းနေပေမယ့် အများပိုင်ဓာတ်အားလိုင်းကနေ ခိုးယူထားတာကြောင့် တရားဝင် မီတာတပ်ဆင်သုံးစွဲနေသူတွေဆီရောက်ရမယ့်ဗို့အားတွေ ကျဆင်းကုန်ပါတယ်။ ထရန်စဖော်မာတွေမှာ မမျှော်မှန်းထားတဲ့ ဝန်အားကြောင့် ဝန်ပို (Overload) ထမ်းရတာ၊ လိုင်းကြိုးတွေ အပူလွန်ကဲတာ၊ လျှပ်စစ်ပစ္စည်းတွေ ထိခိုက်ပျက်စီးတာ၊ Short Circuit ဖြစ်ပြီး မီးလောင်တာတို့ဟာ ဆင့်ကဲဆင့်ကဲအားဖြင့် လူတို့အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေနိုင်တဲ့ အန္တရာယ်တွေဖြစ်ပါတယ်။

လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှု များပြားလာတာနဲ့အမျှ ဓာတ်အားပျောက်ဆုံးမှုများလာပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနဲ့ ဖြန့်ဖြူးခြင်း လုပ်ငန်းစဉ်တစ်လျှောက် စီးပွားရေးနဲ့ နည်းပညာပိုင်းဆိုင်ရာအခက်အခဲတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒ့ါအပြင် အဓိကဆိုးကျိုးက လျှပ်စစ်ကဏ္ဍမှာ ဝင်ငွေနဲ့အသုံးစရိတ် မကာမိခြင်းကြောင့် တိုးချဲ့တည်ဆောက်ရမယ့် စီမံကိန်းလုပ်ငန်းသစ်တွေအတွက် ထပ်မံရင်းနှီးမြှုပ်နှံဖို့ အခက်အခဲအကျပ်အတည်းကို ဖြစ်ပေါ်စေပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ရာမှာလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါတယ်။





မီတာတပ်ဆင်မှု မရှိဘဲ ဓာတ်အားလိုင်းမှ တိုက်ရိုက်ချိတ်ဆက်၍ ခိုးယူသုံးစွဲခြင်း



တပ်ဆင်ထားသော မီတာကို နည်းလမ်းတစ်ခုခုဖြင့် မီတာယူနစ် လျော့နည်းအောင် ပြုလုပ်သုံးစွဲခြင်း



တပ်ဆင်ထားသော မီတာကိုအဆင့်မြင့်နည်းပညာဖြင့် မီတာယူနစ်လျော့နည်းအောင် ပြုလုပ်သုံးစွဲခြင်း

တရားမဝင်ဓာတ်အား ခိုးယူသုံးစွဲမှုများ။

**ကျူးလွန်ထားသူတွေအနေနဲ့ ပြစ်ဒဏ်ကျခံရတော့မှာဖြစ်**

တရားဥပဒေအရ ပြစ်ဒဏ်နဲ့ အရေးယူမှုအနေနဲ့ လျှပ်စစ်ဓာတ်အား တရားမဝင် ခိုးယူသုံးစွဲခြင်းအတွက် တည်ဆဲလျှပ်စစ်ဥပဒေအရ ထောင်ဒဏ်၊ ငွေဒဏ်အပြင် ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုနည်းလမ်းအရ သတ်မှတ်ထားတဲ့ လျော်ကြေး/ နစ်နာကြေး ပေးဆောင်စေခြင်း၊ လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခြင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ကို ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ကြေညာထားပြီးဖြစ်လို့ ကျူးလွန်ထားသူတွေအနေနဲ့ ပြစ်ဒဏ်ကျခံရတော့မှာဖြစ်ပါတယ်။ အလင်းရောင်ကို လူသားတိုင်း မက်မောပါတယ်။ ညဥ့်မှောင်မှောင်မှာ လျှပ်စစ်မီးရောင် မှိတ်တုတ်မှိတ်တုတ် မြင်ရုံနဲ့တင် ရင်ထဲ နွေးထွေးမှုပေးစွမ်းနိုင်ပါတယ်။ ဒါပေမဲ့... အဲဒီ အလင်းရောင်ဟာ ရိုးသားမှုကင်းမဲ့တဲ့ 'လောဘ' အောက်ကနေ ပေါက်ဖွားလာတာဆိုရင်တော့ တစ်နေ့မှာ သင့်ကို 'သောကမီးတောက်' အဖြစ် ပြောင်းလဲသွားမှာပါပဲ။ ဥပဒေအရ စစ်ဆေးတွေ့ရှိတဲ့အခါ ပြစ်ဒဏ်နဲ့ အရှုက်ရမှုတွေကို ရင်ဆိုင်ရပါတယ်။

လောကနိယာမအရလည်း ပြစ်မှုဆိုတာ ကြာရှည်စွာဖုံးကွယ်ထားလို့မရဘဲ တစ်နေ့နေ့ တစ်ချိန်ချိန် ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒ့ါအပြင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်း Digital မီတာတွေသာမက Analog မီတာတွေကိုပါ စောင့်ကြည့်စစ်ဆေးနိုင်တဲ့ စနစ်တစ်ခုကို တည်ဆောက်နေပြီဖြစ်လို့ မလွဲမသွေဓာတ်အား ခိုးယူသုံးစွဲမှုကို ဖော်ထုတ်လာနိုင်တော့မှာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ဓာတ်အားခိုးယူသုံးစွဲမှုကြောင့် ပြည်သူတွေအပေါ် ထိခိုက်နစ်နာစေမှုတွေဖြစ်ပေါ်လျက်ရှိကြောင်း မီဒီယာတွေမှာ ဖော်ပြပေးနေမှုကြောင့် ပြည်သူတွေအနေနဲ့လည်း တိကျစွာ သတင်းပေးတိုင်ကြားလာမှု တဖြည်းဖြည်းများပြားလာတာမို့ ဓာတ်အားခိုးယူသုံးစွဲထားသူတွေအနေနဲ့ မကြာတော့တဲ့ ကာလအတွင်း ကျူးလွန်ထားတဲ့ တရားမဲ့ခြင်းတွေဟာ လူ့ပတ်ဝန်းကျင်မှာ ရှက်ဖွယ်ရာလုပ်ရပ်တွေအဖြစ် ပေါ်ပေါက်လာတော့မှာဖြစ်ပါတယ်။

မသမာသောနည်းလမ်းတွေအသုံးပြုပြီး တရားမဝင် ဓာတ်အားရယူသုံးစွဲခဲ့မှုတွေကို စစ်ဆေး

> **"တရားမဝင်လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုတွေကြောင့် ဓာတ်အားပျောက်ဆုံးမှုများလာပြီး ဓာတ်အားဖြန့်ဖြူးမှုစနစ်ရဲ့တည်ငြိမ်မှုကိုပါ ထိခိုက်ပါတယ်။ မိမိအိမ်မှာ မီးလင်းနေပေမယ့် အများပိုင်ဓာတ်အားလိုင်းကနေ ခိုးယူထားတာကြောင့် တရားဝင်မီတာတပ်ဆင်သုံးစွဲနေသူတွေဆီရောက်ရမယ့် ဗို့အားတွေ ကျဆင်းကုန်ပါတယ်။ ထရန်စဖော်မာတွေမှာ မမျှော်မှန်းထားတဲ့ဝန်အားကြောင့် ဝန်ပို (Overload) ထမ်းရတာ၊ လိုင်းကြိုးတွေ အပူလွန်ကဲတာ၊ လျှပ်စစ်ပစ္စည်းတွေ ထိခိုက်ပျက်စီးတာ၊ Short Circuit ဖြစ်ပြီး မီးလောင်တာတို့ဟာ ဆင့်ကဲဆင့်ကဲအားဖြင့် လူတို့ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေနိုင်တဲ့ အန္တရာယ်တွေဖြစ်"**

တွေ့ရှိတဲ့အခါ ယင်းပြစ်မှုကျူးလွန်ထားသူက ယခင်က ဓာတ်အားခမပေးဆောင်ဘဲ ရယူသုံးစွဲခဲ့တဲ့ ဓာတ်အားတွေအတွက် ပြန်လည်ပေးလျော်စေရမှာဖြစ်လို့ လျော်ကြေးငွေတွက်ချက်မှုကို ဓာတ်အားသုံးစွဲမှုအမျိုးအစားအလိုက် အမြင့်ဆုံးနှုန်းနဲ့ သတ်မှတ်ကောက်ခံ ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

ပြည်သူသို့အသိပေးကြေညာချက်တွေကို ယခုကာလအတွင်း သတင်းစာ၊ ဆိုရှယ်မီဒီယာနဲ့ မြန်မာ့ရုပ်မြင်သံကြားတို့မှတစ်ဆင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက မေတ္တာရပ်ခံဆောင်ရွက်မှုတွေ တွေ့နေရပါတယ်။ "လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများအနေဖြင့် မသမာသော နည်းလမ်းများကို အသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့ အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါကာလ ကျော်လွန်ပြီးချိန်တွင် စစ်ဆေးတွေ့ရှိရပါက လျှပ်စစ်ဥပဒေနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဌာနသို့ ဆက်သွယ်အသိပေးသူများအား ဓာတ်အားဖြတ်တောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ ဒဏ်ကြေးငွေကျပ် ၃၀၀၀၀၀ တောင်းခံခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျော်ကြေးငွေတွက်ချက်ရာတွင် မူလသတ်မှတ်ချက်၏ ၅၀ ရာခိုင်နှုန်းကိုသာ ကောက်ခံခြင်းဖြင့် ဖြေလျှော့ပေးနေကြောင်း" ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ကြေညာထားတာ တွေ့နေရပါတယ်။ ဝန်ကြီးဌာနက ဖြေလျှော့ပေးနေတဲ့ကာလမှာ တာဝန်သိပြည်သူတစ်ဦးအနေနဲ့ ဆက်သွယ်အသိပေးပြီး မိမိကိုယ်ကို ပြုပြင်သွားသင့်ကြပါတယ်။

ရိုးသားမှုနဲ့ရယူထားတဲ့ ဖယောင်းတိုင်တစ်တိုင်ရဲ့အလင်းဟာ တရားမဲ့စွာခိုးယူထားတဲ့ လျှပ်စစ်မီးထက် ပိုမိုတောက်ပပြီး သိက္ခာရှိပါတယ်။ အလင်းရောင်နောက်က အမှောင်ရိပ်တွေကို မောင်းထုတ်ပြီး တရားဥပဒေစိုးမိုးရေးနဲ့ ဘေးကင်းလုံခြုံတဲ့ လူမှုအသိုက်အဝန်းဆီသို့ ဦးတည်လျှောက်လှမ်းကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

---

❂ အာဆီယံမှ

ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ဗီယက်နမ်အသင်းနှင့် စင်ကာပူအသင်း ဂိုးမရှိသရေကျခဲ့သည်။ စင်ကာပူအသင်းသည် ယခုပွဲသရေရလဒ်ကြောင့် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ပိုကောင်းလာပြီး လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းမှာမူ ရုန်းကန်ရတော့မည်ဖြစ်သည်။

အုပ်စု (A) တတိယနေ့အပြီးတွင် စင်ကာပူအသင်းက သုံးပွဲကစား ခုနစ်မှတ်၊ အင်ဒိုနီးရှားအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ဗီယက်နမ်အသင်းက နှစ်ပွဲကစား လေးမှတ်ရထားပြီး နှစ်ပွဲကစားထားသည့် ကမ္ဘောဒီးယားအသင်းနှင့် သုံးပွဲကစားထားသည့် တီမောအသင်းတို့မှာ အမှတ်မရသေးပေ။

အုပ်စု (B) တတိယနေ့အဖြစ် လာအိုနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ဖိလစ်ပိုင်အသင်းက လာအိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လာအိုအသင်းသည် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း တစ်ယောက်အထုတ်ခံရသဖြင့် ဂိုးများပြန်ပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် အိမ်ရှင်ထိုင်းအသင်းက မလေးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အုပ်စု (B) တွင် ထိုင်းအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မလေးရှားအသင်းက သုံးပွဲကစား ခြောက်မှတ်၊ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား သုံးမှတ်စီရထားပြီး လာအိုအသင်းမှာမူ သုံးပွဲစလုံး ရှုံးကာ အမှတ်မရသေးပေ။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-AFF**

# တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

**စာတည်းအဖွဲ့**

ဇူလိုင် ၂၇ ရက်မှ ဩဂုတ်၂ ရက်အတွင်း ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့် သတင်းများအနက် နည်းပညာ၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ သယ်ယူပို့ဆောင်ရေး၊ ဥပဒေပြုရေး၊ စွမ်းအင်၊ အားကစား၊ စာပေရေးရာ၊ သဘာဝဘေး၊ မှုခင်းနှင့် မိုးလေဝသ စသည့်သတင်းများကိုစုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

## နည်းပညာ

မြန်မာ့ဒီဂျစ်တယ်အနာဂတ်နှင့် AI နည်းပညာ အသုံးချမှုဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မြန်မာအာကာသအေဂျင်စီက ရက် ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ဂြိုဟ်တုထိန်းချုပ်မှုစနစ်၊ လဆင်းယာဉ်များအတွက် AI အခြေပြု နည်းပညာများနှင့် အင်္ဂါဂြိုဟ်ပျံသန်းရေး သုတေသနလုပ်ငန်းများကို ဇူလိုင် ၂၇ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူး တာဝန်ထမ်းဆောင်ရန် ပဏာမရွေးချယ်ထားသည့် အာကာသ ယာဉ်မှူးလောင်းများနှင့်လည်း ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

## နိုင်ငံရေးနှင့် အုပ်ချုပ်ရေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင်လ ၃၁ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်၍ အစိုးရသစ်၏ ရက် ၁၀၀ ပြည့်မြောက်သည့်အထိ ဆောင်ရွက်ခဲ့မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို နိုင်ငံတော်အခြေပြမိန့်ခွန်းအဖြစ် ပြောကြားခဲ့သည်။

## စီးပွားရေး

ရန်ကုန်မြို့၌ မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ကို ဇူလိုင် ၂၈ ရက်တွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်၊ စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ထုတ်လုပ်မှုနှင့် နည်းပညာကဏ္ဍများတွင် ယုံကြည်စိတ်ချစွာ လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ခဲ့သည်။

## ယဉ်ကျေးမှုနှင့် အနုပညာ

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ၁၀၃ နှစ်သက်တမ်းရှိ သမိုင်းဝင် ဝဇီရာရုပ်ရှင်ရုံကြီးကို မူလဗိသုကာလက်ရာများ မပျက်စီးစေဘဲ ခေတ်မီအဆင့်မြင့်စက်ကိရိယာများဖြင့် အဆင့်မြှင့်တင်ကာ နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံ (Red Carpet Theatre) အဖြစ် ဇူလိုင် ၂၇ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

## ကျန်းမာရေး

သစ်စက်တွင် အလုပ်လုပ်စဉ် လက်ညှိုးအလယ်ခန့်မှ ထက်ပိုင်းပြတ်တောက်သွားသည့် အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦးကို မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် လူနာမှာ ဆေးရုံမှ ပြန်လည်ဆင်းနိုင်ခဲ့ပြီဖြစ်ကြောင်း ဇူလိုင် ၂၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

## စိုက်ပျိုးရေး

စိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့က ယခုနှစ် မိုးရာသီချေးငွေများကို တိုးမြှင့်ထုတ်ချေးပေးထားကြောင်း ဇူလိုင် ၂၈ ရက်တွင် သတင်းဖော်ပြခဲ့သည်။

## ငြိမ်းချမ်းရေး

နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံသည့် AA အဖွဲ့ဝင် ၂၀ နှင့် PDF အဖွဲ့ဝင် ၁၂ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ကြောင်း ဇူလိုင် ၂၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် KIA၊ KNU၊ AA၊ ABSDF၊ SAF နှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင် အမျိုးသား ၂၈၀ နှင့် အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၀၃ ဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ဩဂုတ် ၁ ရက်တွင် ဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်လာခဲ့ပြီး ၎င်းတို့အား မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

## လုံခြုံရေး

အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းနှင့် ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းများကို တပ်မတော်စစ်ကြောင်းများက ဇူလိုင်လ ၃၁ ရက်နေ့တွင် အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

## သယ်ယူပို့ဆောင်ရေး

နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်အရ ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ်ကို ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းများဖြင့် ဇူလိုင်လ ၃၁ ရက်နေ့မှစတင်ကာ နေ့စဉ်ပြေးဆွဲပေးနေပြီဖြစ်သည်။

## ဥပဒေပြုရေး

အများပြည်သူအား အွန်လိုင်းမှတစ်ဆင့် လိမ်လည်လှည့်ဖြားမှုများမှ ကာကွယ်ရန်အတွက် "အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေ"ကို ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည်။

## စွမ်းအင်

မုတ္တမကမ်းလွန်လုပ်ကွက် M-3 ရှိ အောင်သိဒ္ဓိဓရိယာမှထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ပြည်တွင်း၌သာ အသုံးပြုရန်အတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံ PTTEP ကုမ္ပဏီတို့အကြား သဘောတူစာချုပ် (DGSA) ကို ဇူလိုင်လ ၃၁ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

## အားကစား

ဇူလိုင် ၂၈ ရက်က ကျင်းပသည့် အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲတွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို အဝေးကွင်း၌ ၄ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

## စာပေရေးရာ

၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ပခုက္ကူစာပေ တစ်သက်တာဆုရှင်များအဖြစ် ဆရာကြီး ဦးဖေငြိမ်း (ကျော်စောဟန်)နှင့် ဆရာကြီး ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)တို့ကို ရွေးချယ်ခဲ့ကြောင်းနှင့် အခြားစာမူဆုရရှိသူများကို ထုတ်ပြန်ကြေညာခဲ့သည်။

## သဘာဝဘေး

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့၌ ဝဲန်ရေကာတာ တာကျိုးပေါက်မှုကြောင့် လူဦးရေ ၆၇၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေရသည်။

## မှုခင်း

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ခြောက်လကျော်အတွင်း ရန်ကုန်မြို့၌ YBS ယာဉ်မတော်တဆမှု ၃၄ မှုဖြစ်ပွားခဲ့ပြီး လူ ၁၉ ဦး သေဆုံးကာ ၃၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ကျောက်ခတ်ဒေသတွင် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေသူ ၇၇၇ ဦးကို တပ်မတော်စစ်ကြောင်းများက လုပ်ငန်းသုံးပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဇူလိုင် ၂၅ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

မန္တလေးမြို့ရှိ "မီလျံနာ" နှင့် "ပေါ်ဦး" ရွှေဆိုင်များကို သေနတ်ပစ်ဖောက် ဓားပြတိုက်ခဲ့သည့် တရားခံ အမျိုးသား ၁၀ ဦးနှင့် ပူးပေါင်းပါဝင်သူ အမျိုးသမီး သုံးဦး (စုစုပေါင်း ၁၃ ဦး) ကို သက်သေခံရွှေထည်ပစ္စည်းများ၊ ငွေသားများ၊ လက်နက်များနှင့်အတူ ဖမ်းဆီးရမိကြောင်း ဩဂုတ် ၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

## မိုးလေဝသ

၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အလွန်အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်ကြောင်းနှင့် ဩဂုတ်လ ၅ ရက်အတွင်း နိုင်ငံတစ်ဝန်း နေရာကွက်၍ မိုးကြီးခြင်း၊ လေပြင်းတိုက်ခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်သဖြင့် သတိပြုရန် ဩဂုတ်လ ၁ ရက်နေ့ တိုင်းထွာချက်များအရ ထုတ်ပြန်ထားသည်။

# မြိတ်မြို့နယ်အတွင်း ချောင်းတူးဖော်ခြင်းလုပ်ငန်း သုံးခု ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**မြိတ် ဩဂုတ် ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ စန္ဒဝတ်ကျေးရွာအုပ်စု၊ အင်္ဂမော်ကျေးရွာအုပ်စုနှင့် သမုတ်ကျေးရွာ အုပ်စုတို့တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက မိုးစပါးစိုက်ဧကများ ရေကြီးနစ်မြုပ်မှု မရှိစေရေးနှင့် ချောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ချောင်းတူးဖော်ရေးလုပ်ငန်း သုံးခုကို ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။



**တူးဖော်ဆောင်ရွက်**

ချောင်းတူးဖော်ရေးလုပ်ငန်းတွင် သမုတ်ကျေးရွာအတွင်းမှ ကျောက်ဖျာမြစ် အတွင်းသို့ စီးဆင်းလျက်ရှိသည့် ပန်းချီ ရှောင်ချောင်း အရှည်ပေ ၅၀၀၀၊ ထိပ်ဝအကျယ် ၂၄ ပေ၊ အနက် ခုနစ်ပေ၊ အင်္ဂမော်ကျေးရွာ နတ်တလင်း သစ်တောကြိုးဝိုင်းတောင်မှ အင်္ဂမော်ချောင်းမကြီး အတွင်း စီးဆင်းလျက်ရှိသည့် မယင်းငယ်ချောင်း အရှည်ပေ ၆၀၀၀၊ ထိပ်ဝအကျယ် ၂၂ ပေ၊ အနက် ခုနစ်ပေနှင့် စန္ဒဝတ်ကျေးရွာ ကျောက်ဖြူတောင်လမ်းဆုံနှင့် အက်စ်ကွေ့တံတားဝန်းကျင်မှ စီးဆင်းလျက်ရှိသည့် ဦးချမ်းအေးချောင်း အရှည်ပေ ၆၀၀၀၊ ထိပ်ဝအကျယ် ၂၂ ပေ၊ အနက် ခုနစ်ပေကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တူးဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲတံခွန်ရောင်းဝယ်ရေးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်

**ရန်ကုန် ဩဂုတ် ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲတံခွန်ရောင်းဝယ်ရေး သမဝါယမအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက (၃၉) ရပ်ကွက် ဓမ္မသိဒ္ဓိဓမ္မာရုံ၌ ကျင်းပသည်။



**အမှာစကားပြောကြား**

အစည်းအဝေးတွင် ရဲတံခွန်ရောင်းဝယ်ရေးသမဝါယမအသင်း ဥက္ကဋ္ဌနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေခြည်နွေးနွေးသိမ့်တို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အသင်း အမှုဆောင်များက ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြပြီး အသင်းသားများအား အကျိုးဝေစုနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ဆက်လက်၍ အသင်း အမှုဆောင်များအား ဥပဒေနှင့်အညီ ရွေးချယ်ခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း (၁-၇-၂၀၂၆ ရက်နေ့မှ ၃၁-၇-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလ်ဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | | **နေပြည်တော်** | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၅ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | – | – | – | ကောင်းမွန် | – |
| | ၆ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | – | – | – | – | ကောင်းမွန် | – |
| | ၇ | သန်လျင်မြို့ | ကောင်းမွန် | | – | ကောင်းမွန် | – | – |
| | ၈ | ဒလမြို့ | ကောင်းမွန် | | | | | |
| | ၉ | လှည်းကူးမြို့ | ကောင်းမွန် | | | | | |
| ၃ | | **မန္တလေးတိုင်းဒေသကြီး** | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | စစ်ကိုင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | | **တနင်္သာရီတိုင်းဒေသကြီး** | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | | **ပဲခူးတိုင်းဒေသကြီး** | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| | ၂ | တောင်ငူမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| | ၃ | ပြည်မြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| | ၄ | သာယာဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| ၇ | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| | ၁ | ပုသိမ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | ဖျာပုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | | **ကချင်ပြည်နယ်** | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | | **ကယားပြည်နယ်** | | | | | | |
| | ၁ | လွိုင်ကော်မြို့ | ကောင်းမွန် | | – | ကောင်းမွန် | – | ကောင်းမွန် |
| ၁၁ | | **ကရင်ပြည်နယ်** | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | ကောင်းမွန် | | |
| ၁၂ | | **မွန်ပြည်နယ်** | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သထုံမြို့ | ကောင်းမွန် | | | | | |
| | ၃ | မုဒုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ချောင်းဆုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၃ | | ရှမ်းပြည်နယ် | | | | | | |
| | ၁ | တောင်ကြီးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | ကောင်းမွန် | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှု ရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ယခုနှစ် ပထမနှစ်ဝက်အတွင်း ယာဉ်မတော်တဆမှုကြောင့် လူ ၉၃၀ ကျော် သေဆုံး

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်အတွင်း ယာဉ်မတော်တဆမှုပေါင်း ၁၆၈၆ မှု ဖြစ်ပွားခဲ့ပြီး ၉၃၂ ဦး သေဆုံးခဲ့ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ယာဉ်တိုက်မှု အခြေပြဇယားအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ယာဉ်တိုက်မှု ၁၆၈၆ မှုရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၂၃၇၁ ဦးနှင့် သေဆုံးသူ ၉၃၂ ဦးရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ယဉ်တိုက်မှု ၃၆၀ ရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၄၄၄ ဦးနှင့် သေဆုံးသူ ၁၉၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု ၂၇၀ ရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၃၉၆ ဦးနှင့် သေဆုံးသူ ၁၁၃ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု ၂၆၀ ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၃၉၃ ဦးနှင့် သေဆုံးသူ ၁၂၂ ဦး ရှိခဲ့သည်။

၂၀၂၅ ခုနှစ် ပထမဖြေလတာကာလအတွင်း ယာဉ်မတော်တဆမှု ၁၆၉၂ မှုရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၂၄၇၈ ဦးနှင့် သေဆုံးသူ ၈၉၂ ဦးရှိခဲ့ကြောင်း သိရပြီး ယခုနှစ် ပထမခြောက်လအတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုအရေအတွက်မှာ ၂၀၂၅ ခုနှစ် အလားတူကာလက ဖြစ်ပွားခဲ့သည့် ၁၆၉၂ မှုထက် အနည်းငယ်လျော့နည်းခဲ့သော်လည်း သေဆုံးသူ အရေအတွက်မှာ ၄ ဒသမ ၅ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ပြီး ဒဏ်ရာရရှိသူအရေအတွက်မှာ ၄ ဒသမ ၃ ရာခိုင်နှုန်းခန့် လျော့ကျခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ယာဉ်မတော်တဆမှုများ လျော့နည်းစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကြရန်နှင့် ဘေးကင်းလုံခြုံရေးကို အထူးဂရုပြုကြရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တိုက်တွန်းထားကြောင်း သိရသည်။

MT



ဇူလိုင် ၂၈ ရက်က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြ-ရန်ကုန် လမ်းပိုင်းတွင် ယာဉ်တစ်စီး ရှေ့ဝဲဘက်ဘီးပေါက်ပြီး လမ်းဘေးရှိသစ်ပင်အားဝင်တိုက်ခဲ့သည်ကို တွေ့ရစဉ်။



## တံတားဦးမြို့နယ်၌ ကျေးရွာမြေငှားဂရန် ပေးအပ်

တံတားဦး ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရွှေပေါက်ကျွန်းကျေးရွာတွင် မြေငှားဂရန်ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်မိုးသက်က မြေငှားဂရန်ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သိဂီအောင်နှင့် တာဝန်ရှိသူများက ကျေးရွာမြေငှားဂရန်များကို ပြည်သူများလက်ဝယ်အရောက် ပေးအပ်ကြသည်။ ထို့နောက် ရွှေပေါက်ကျွန်း ကျေးရွာသူကျေးရွာသားများကိုယ်စား ဦးညွန့်လှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အိမ်မဲမြို့နယ်၌ သမဝါယမအသင်းသားများအား စီမံကိန်းသွင်းအားစုများပေးအပ်

အိမ်မဲ ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဆိတ်ချေးကုန်းကျေးရွာတွင် ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဖြည့်စွက်ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် သက်တန့်ရောင်စီမံကိန်း လုပ်ငန်းဆောင်ရွက်မည့် ထွန်းရွှေဝါကြီး စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်အတွက် စီမံကိန်းရန်ပုံငွေ ၁၀၂ သိန်းတန်ဖိုးရှိ သွင်းအားစုများကို ပေးအပ်သည်။



ဦးစွာ အိမ်မဲမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မင်းသိန်းက သွင်းအားစုများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် အိမ်မဲမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၊ သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ထွန်းရွှေဝါကြီး စိုက်/ထွေ သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

## ကြည့်မြင်တိုင်မြို့နယ်၌ ခွေးရူးပြန်ရောဂါကာကွယ်တိုက်ဖျက်ရေး အသိပညာပေး



ရန်ကုန် ဩဂုတ် ၂

ခွေးရူးပြန်ရောဂါကာကွယ်တိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့တွင် ကြည့်မြင်တိုင်မြို့နယ် ဘုရားငါးဆူဓမ္မာရုံ၌ ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သက်မာနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးညီညီတို့က အမှာစကားပြောကြားပြီး အလုံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနီလာကျော်နှင့် ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်ထွန်း၊ ဒုတိယလက်ထောက်ဦးစီးမှူး ဦးဟိန်းထက်နိုင်တို့က အသိပညာပေးဟောပြောကာ မကျည်းတန်း (မြောက်၊ အရှေ့)နှင့် သာစု(အနောက်)ရပ်ကွက်တို့မှ ပြည်သူများအား ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## ကျိုက်ထိုမြို့နယ်၌ အသိပညာပေးဟောပြော

ကျိုက်ထို ဩဂုတ် ၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ကျောင်းသား ကျောင်းသူများ အသိပညာများ တိုးပွားစေရန် ရည်ရွယ်၍ မူခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ကျိုက်ထိုမြို့မရဲစခန်းမှူး ဒုရဲမှူးကျင်နိုင်က မုဒိမ်းမှု လျော့နည်းကျဆင်းရေး၊ သက်ငယ်မုဒိမ်း လျော့နည်းကျဆင်းရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပြီး အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (သထုံ) တပ်ဖွဲ့စိတ်(ကျိုက်ထို)မှ ခေတ္တတပ်ဖွဲ့စိတ်မှူး ရဲအုပ်နိုင်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်နှင့် ပတ်သက်သည့် သတ်မှတ်နံပါတ်ပြား မတပ်သောမော်တော်ယာဉ်များနှင့် ပတ်သက်သည့် ဥပဒေတားမြစ်ချက်များ၊ ပြစ်ဒဏ်များနှင့် ပါဝါအိတ်ဇောတပ်မော်တော်ယာဉ်များနှင့် ပတ်သက်သည့် ဥပဒေတားမြစ်ချက်များကို ဟောပြောသည်။

ဆက်လက်၍ အမှတ်(၆၂) မူးယစ်တပ်ဖွဲ့စု(သထုံ)မှ ရဲအုပ်အောင်ဇော်ထိုက်က မူးယစ်ဆေးဝါးအမျိုးအစားများ၊ Happy Water မူးယစ်ဆေးဝါး အန္တရာယ်နှင့် မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ရရှိနိုင်သည့် ဆိုးကျိုးများကို ဟောပြာခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

## မိုင်းယုမြို့၌ လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေးဟောပြော

မိုင်းယု ဩဂုတ် ၂

မိုင်းယုမြို့၌ (၁၄)ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မြို့မရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



### ရှင်းလင်းပြောကြား

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမိုးက ဟောပြောပွဲ ပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းယုနယ်မြေစခန်းမှူး ရဲအုပ်နိုင်နိုင်ဝင်းက လူကုန်ကူးသူများ အဓိကအသုံးပြုလေ့ရှိသည့် လှည့်စားသွေးဆောင်နည်းလမ်းများ ဖြစ်သော တိုင်းတစ်ပါးတွင် အလုပ်အကိုင်ကောင်းများရမည်ဟု မက်လုံးပေးခြင်း၊ လူမှုကွန်ရက် (Social Media) စာမျက်နှာများမှတစ်ဆင့် မိတ်ဖွဲ့ကာ ယုံကြည်မှုတည်ဆောက်၍ လိမ်လည်ခေါ်ဆောင်ခြင်း စသည့် အချက်များကို ကျောင်းသား ကျောင်းသူများ နားလည် သဘောပေါက်စေရန် ရှင်းလင်း ဟောပြောခဲ့ကြောင်း သိရသည်။

ကိုကိုနိုင်

# မြန်မာ့စီးပွားမြင့်မားဖို့ ဝါသီးနှံကဏ္ဍကိုမြှင့်တင်စို့

စိန်ငွေးလှိုင်(ဟိုပုံးမြေ)

မြန်မာနိုင်ငံတွင် ဝါသီးနှံသည် စက်မှုကုန်ကြမ်းနှင့် လူသုံးကုန်ပစ္စည်းများအတွက် မရှိမဖြစ်လိုအပ်သော ဘက်စုံသုံး စိုက်ပျိုးရေးသီးနှံဖြစ်သည်။ ယနေ့ခေတ်တွင် ဝါဂွမ်းကို နည်းပညာဖြင့် ပေါင်းစပ်ကာ အဝတ်အထည်နှင့် အိမ်သုံးအထည်အလိပ်များဖြစ်သော အိပ်ရာခင်း၊ စောင်၊ တဘက်များအဖြစ်သာမက ဆေးဘက်ဆိုင်ရာသုံးပစ္စည်းများဖြစ်သည့် ဂွမ်းလိပ်၊ ပိတ်ကျဲစ၊ ပတ်တီး၊ ခွဲစိတ်ခန်းသုံးဝတ်စုံများအထိ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ကျယ်ပြန့်စွာ တိုးတက်ထုတ်လုပ်နေပြီဖြစ်သည်။

ဝါစေ့ကို စားသုံးဆီနှင့် ဆပ်ပြာ၊ အလှကုန်လုပ်ငန်းသုံး စက်မှုကုန်ကြမ်းဆီအဖြစ်လည်း ကြိတ်ခွဲအသုံးချနိုင်သည်။ ဝါမျိုးစိတ်အလိုက် ဝါစေ့တွင် အဆီဓာတ် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ပါဝင်ပြီး ဆီညှစ်ပြီးကျန်ရှိသော ဝါစေ့ဖတ်သည် ပရိုတင်းဓာတ်ကြွယ်ဝကာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သည်။ ဝါစိုက်ပျိုးခြင်းသည် ဝါမျိုးစေ့ထုတ်လုပ်သူ၊ ဝါဂွမ်းနှင့် ချည်ထည်ထုတ်လုပ်သူများမှသည် ရက်ကန်းလုပ်ကိုင်သူများအထိ အဆင့်ဆင့်ကွင်းဆက်တစ်လျှောက် အလုပ်အကိုင်များ ဖန်တီးပေးနေသည်။

**သဘာဝပတ်ဝန်းကျင်နှင့်စိန်ခေါ်မှုများ**

ဝါသီးနှံသည် ဇီဝအလျောက် ဆွေးမြည့်ပျက်စီးနိုင်ပြီး ရေရှည်စိုက်ပျိုးထုတ်လုပ်နိုင်သည့် သဘာဝအမျှင်ဖြစ်ခြင်းကြောင့် ပိုလီယက်စတာ၊ နိုင်လွန်ကဲ့သို့သော ဓာတုအမျှင်များနှင့် နှိုင်းယှဉ်ပါက သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုနှင့် ပိုမိုသဟဇာတဖြစ်စေသည်။ သို့သော် ဝါစိုက်ပျိုးခြင်းနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက်တွင် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ကိုင်တွယ်ဖြေရှင်းရမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများလည်းရှိနေသည်။ အဆိုပါစိန်ခေါ်မှုများတွင် ရေအလွန်အကျွံသုံးစွဲမှု၊ ပိုးသတ်ဆေးနှင့် ဓာတုဗေဒပစ္စည်းများ အသုံးပြုမှုမြင့်မားခြင်းနှင့် မြေဆီလွှာအရည်အသွေး ပျက်စီးခြင်းတို့ ပါဝင်နေသည်။

**အောင်မြင်ဖြစ်ထွန်းစေမည့် စိုက်ပျိုးရေးနည်းစနစ်**

မြန်မာနိုင်ငံတွင် ဝါသီးနှံစိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းစေရန် “မျိုး၊ မြေ၊ ရေ၊ နည်း” ဟူသော အခြေခံအချက်ကြီး (၄) ချက်ကို စနစ်တကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ပထမဦးစွာ ‘မျိုး’ရွေးချယ်ရာတွင် ဒေသရေမြေနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းကာ ပိုးမွှားဒဏ်ခံနိုင်ရည်ရှိသည့် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများထံ ဖြန့်ဖြူးထားသော ရွှေတောင်-၁၀၊ ရွှေတောင်-၈၊ ငွေချည်-၆ နှင့် ငွေချည်-၉ တို့ကို စိုက်ပျိုးသင့်သည်။ ‘မြေ’ နှင့် ‘ရေ’ စီမံခန့်ခွဲမှုတွင် ဝါသီးနှံသည် ရေဝပ်ခြင်းကို လုံးဝမကြိုက်သဖြင့် ရေစီးရေလာကောင်းမွန်သော သဲနုန်းမြေ သို့မဟုတ် နုန်းမြေစေးတွင် စိုက်ပျိုးပြီး အစိုဓာတ်ကို စနစ်တကျ ထိန်းညှိပေးရပါမည်။ နောက်ဆုံးအချက်ဖြစ်သော ‘နည်းစနစ်’ ပိုင်းတွင်မူ စနစ်တကျ မြေပြုပြင်ခြင်း၊ တန်းကြား ၄ ပေ × ပင်ကြား ၃ ပေ စနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် အပင်ကြီးထွားချိန်တွင် ကျရောက်တတ်သော ပိုးမွှားများကို အချိန်မီကာကွယ်နှိမ်နင်းခြင်း စသည့် ခေတ်မီစိုက်ပျိုးရေး နည်းပညာများကို ပေါင်းစပ်အသုံးပြုရမည်ဖြစ်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မကွေးမြို့၌ ဇူလိုင် ၁၃ ရက်ကကျင်းပသည့် “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲတွင် ခင်းကျင်းပြသထားသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာပြခန်းများကို ကြည့်ရှုလေ့လာစဉ်။

**ဝါစိုက်ပျိုးရာဒေသများနှင့် ပြည်တွင်းစက်ရုံများကွန်ရက်**

နိုင်ငံတော်တွင် ဝါသီးနှံကို မကွေးတိုင်းဒေသကြီး၌ ၄၅ ဒသမ ၃၇ ရာခိုင်နှုန်းနှင့် မန္တလေးတိုင်းဒေသကြီး၌ ၃၆ ဒသမ ၂၈ ရာခိုင်နှုန်းဖြင့် အဓိကစိုက်ပျိုးထုတ်လုပ်နေပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြသည်။ ၎င်းဒေသများမှ ထွက်ရှိသော ဝါဂွမ်းများကို ပြည်တွင်းရှိ စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းအောက်ရှိ နိုင်ငံပိုင် ချည်မျှင်နှင့် အထည်စက်ရုံများဖြစ်သော ရွှေတောင်၊ မရမ်းကုန်း၊ ပလိပ်၊ မြင်းခြံ၊ စစ်ကိုင်း၊ ပွင့်ဖြူ၊ ပခုက္ကူ၊ မြစ်သား၊ ဝမ်းတွင်း၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ကျောက်ဆည်နှင့် တောင်သာစက်ရုံများသို့ အဓိကတင်ပို့လျက်ရှိသည်။ ထို့ပြင် မိတ္ထီလာ၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံများသို့လည်း ကုန်ကြမ်းအဖြစ် ပေးသွင်းလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ဝါသီးနှံစိုက်ပျိုးမှုတွင် ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီ၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝါစိုက်ဧက ၅၄၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့သည်။ ချည်မျှင်ရှည်ဝါ ပျမ်းမျှအထွက်နှုန်းသည် တစ်ဧကလျှင် ၄၉၉ ဒသမ ၂ ပိဿာအထိ ရှိလာပြီး စုစုပေါင်း ဝါပိဿာချိန် သန်း ၂၇၀ နီးပါး ထွက်ရှိသဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖူလုံစေသည်။ ယခင် ၂၀၂၂-၂၀၂၃ စိုက်ပျိုးရာသီတွင် ရိုးရိုးဝါ ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် ပိဿာ ၄၃၀ ဝန်းကျင်သာရှိခဲ့ရာမှ ယခုအခါ ခေတ်မီမျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးရေး နည်းစနစ်များကြောင့် တစ်ဧကအထွက်နှုန်း သိသိသာသာ မြင့်တက်လာသည်ကို လေ့လာသိရှိရသည်။

**တိုးတက်လာသောအထွက်နှုန်းနှင့် နိုင်ငံတော်စီမံကိန်း**

နိုင်ငံတော်အနေဖြင့် အရည်အသွေးမြင့် ချည်ထည်များထုတ်လုပ်နိုင်ရန် ဝါသီးနှံအထွက်တိုးရေးကို အရှိန်အဟုန်ဖြင့် တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။ ဤသို့ဆောင်ရွက်ရာတွင် ဈေးကွက်ဝယ်လိုအားရှိသော ချည်မျှင်ရှည်ဝါများ တိုးတက်စိုက်ပျိုးရန်၊ ပြည်တွင်းချည်မျှင်နှင့် အထည်စက်ရုံများအတွက် အရည်အသွေးကောင်းမွန်သော ကုန်ကြမ်းများထောက်ပံ့ပေးပြီး ပြည်ပမှ ဝါဂွမ်းနှင့် ချည်မျှင်တင်သွင်းမှုကို လျှော့ချရန် (သွင်းကုန်အစားထိုးရန်) တို့ ရည်ရွယ်သည်။ ထို့ပြင် ဝါစိုက်တောင်သူများနှင့် လုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှု တိုးတက်စေရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ဝါသီးနှံစိုက်ပျိုးရေးစီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ လက်ရှိတွင် ၎င်းစီမံကိန်းအရ မကွေးတိုင်းဒေသကြီး၌ ဝါစိုက်ပျိုးရေးဇုန် လေးဇုန်၊ မန္တလေးတိုင်းဒေသကြီး၌ ခြောက်ဇုန်၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ငါးဇုန်၊ နေပြည်တော်၌ တစ်ဇုန်၊ ပဲခူးတိုင်းဒေသကြီး၌ နှစ်ဇုန်နှင့် ရှမ်းပြည်နယ်၌ တစ်ဇုန် စုစုပေါင်း စိုက်ပျိုးရေးဇုန် ၁၉ ဇုန်ဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံတော်အဆင့်ညှိနှိုင်းဆွေးနွေးပွဲနှင့် ရှေ့လုပ်ငန်းစဉ်များ**

နိုင်ငံတော်အတွင်း ပြည်တွင်းဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့” ဟူသော ဆွေးနွေးပွဲတစ်ရပ်ကို မကွေးမြို့၌ ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသည် လက်ရှိအစိုးရသစ်လက်ထက်တွင် ကဏ္ဍစုံကိုယ်စားလှယ် ၃၀၄ ဦး တက်ရောက်ခဲ့သည့် ပထမဆုံးအကြိမ် နိုင်ငံတော်အဆင့် ဆွေးနွေးပွဲကြီးဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် သမားရိုးကျ ဝါစိုက်ပျိုးထုတ်လုပ်မှုစနစ်မှ ခေတ်မီအဆင့်မြင့် အထည်အလိပ်လုပ်ငန်းများသို့ ကူးပြောင်းနိုင်ရေး၊ ဝါစိုက်ပျိုးခြင်းမှသည် အထည်အလိပ်ထုတ်လုပ်မှုအထိ တန်ဖိုးကွင်းဆက်တစ်ခုလုံး (Value Chain) တွင် အစိုးရက ပံ့ပိုးကူညီပေးနေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ပြည်တွင်း/ပြည်ပ ဈေးကွက်ဝယ်လိုအားကိုအခြေခံကာ သုတေသနလုပ်ငန်းများ တိုးမြှင့်ရန်နှင့် နောင်တွင် ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သည်အထိ စနစ်တကျ စီမံဆောင်ရွက်သွားရန် ညှိနှိုင်းတိုင်ပင်ခဲ့ကြသည်။

> **ဝါစိုက်တောင်သူများနှင့် လုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှုတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ဝါသီးနှံစိုက်ပျိုးရေးစီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ လက်ရှိတွင် ၎င်းစီမံကိန်းအရ မကွေးတိုင်းဒေသကြီး၌ ဝါစိုက်ပျိုးရေးဇုန် လေးဇုန်၊ မန္တလေးတိုင်းဒေသကြီး၌ ခြောက်ဇုန်၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ငါးဇုန်၊ နေပြည်တော်၌ တစ်ဇုန်၊ ပဲခူးတိုင်းဒေသကြီး၌ နှစ်ဇုန်နှင့် ရှမ်းပြည်နယ်၌ တစ်ဇုန် စုစုပေါင်း စိုက်ပျိုးရေးဇုန် ၁၉ ဇုန်ဖြင့် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

ထို့ပြင် နိုင်ငံတော်စီမံကိန်းအရ ဝါစိုက်ဧရိယာ ၇ ဒသမ ၄၇ သိန်းဧက စိုက်ပျိုးရန်နှင့် တစ်ဧက ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ထွက်ရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည်။ အရည်အသွေးမြင့်ပြီး အထွက်နှုန်းကောင်းသော ဝါမျိုးသန့်များကို စိုက်ပျိုးရေးဦးစီးဌာနက စဉ်ဆက်မပြတ် သုတေသနပြု ထုတ်လုပ်ဖြန့်ဖြူးပေးရန်နှင့် နိုင်ငံတော်၊ ဝါစိုက်တောင်သူ၊ လုပ်ငန်းရှင်များပူးပေါင်းကာ ကန်ထရိုက်လယ်ယာစနစ် (Contract Farming) ဖြင့် တိုးချဲ့စိုက်ပျိုးရန် ဆွေးနွေးခဲ့ကြသည်။ အလားတူ ဒေသအလိုက် ဝါစက်မှုဇုန်များ ရေရှည်ရှင်သန်ရေးအတွက် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန်၊ တောင်သူများအတွက် အတိုးနှုန်းသက်သာသော ချေးငွေများ ပံ့ပိုးရန်နှင့် မြေဩဇာနှင့် စက်သုံးဆီများကို သီးနှံပေါ်ပေးစနစ်ဖြင့် ပံ့ပိုးကူညီရန် စသည့် အချက်များကိုလည်း အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။

အချုပ်အားဖြင့်ဆိုရသော် ဝါသီးနှံသည် လူတို့၏ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သော စက်မှုကုန်ကြမ်းသီးနှံဖြစ်ပြီး တန်ဖိုးမြှင့်ကုန်ချောများအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်သည့် စီးပွားဖြစ်သီးနှံတစ်ခုလည်းဖြစ်သည်။ လက်ရှိတွင် မြန်မာ့ဝါသီးနှံကဏ္ဍကို စိုက်ပျိုးခြင်းမှသည် အဆင့်မြင့်ကုန်ချောထုတ်လုပ်မှုအဆင့်သို့ အသွင်ကူးပြောင်းရန် အလားအလာကောင်းများရှိနေသည်။ နိုင်ငံတော်စီမံကိန်းအရ စိုက်ပျိုးရေးဇုန်များနှင့် ဝါစိုက်ဧကများ တိုးချဲ့ကာ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးပမ်းနေခြင်းသည် ပြည်ပသွင်းကုန်အစားထိုးရေးအတွက် အရေးပါသော ခြေလှမ်းသစ်တစ်ခုဖြစ်သည်။ သို့ဖြစ်ရာ အရည်အသွေးမြင့် သဘာဝအမျှင်ဖြစ်သော ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝါစိုက်တောင်သူများ၊ လုပ်ငန်းရှင်များနှင့် အစိုးရဝန်ကြီးဌာနများအကြား ဟန်ချက်ညီညီ ဆက်လက်ပူးပေါင်းအကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား - ၁၄-၇-၂၀၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ။**

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါတိုက်ဖျက်ရေးဆောင်ရွက်ရန် တရုတ်နိုင်ငံမှ တတိယအသုတ် ဆေးပညာကျွမ်းကျင်သူအဖွဲ့ ရောက်ရှိ

ကင်ရှာဆာ ဩဂုတ် ၂

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင်ဖြစ်ပွားနေသည့် အီဘိုလာရောဂါ တိုက်ဖျက်ရေးအတွက် ကူညီဆောင်ရွက်ရန် တရုတ်နိုင်ငံမှ ဆေးပညာကျွမ်းကျင်သူများပါသည့် တတိယအသုတ် ဆေးအဖွဲ့သည် ဩဂုတ် ၁ ရက်က ကင်ရှာဆာမြို့တော်သို့ ရောက်ရှိလာကြောင်း သိရသည်။ ယခုကဲ့သို့ တရုတ်နိုင်ငံမှ ဆေးအဖွဲ့ ရောက်ရှိလာခြင်းဖြင့် နိုင်ငံ၏ အီဘိုလာရောဂါကုသရေးနှင့် ဓာတ်ခွဲခန်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေမှုများရှိလာမည်ဖြစ်ကြောင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူ လူကူမာလဘိုမေရက်က ပြောကြားသည်။ မိမိတို့ဆေးအဖွဲ့အနေဖြင့် အီဘိုလာရောဂါကုသရေး လုပ်ငန်းများဆောင်ရွက်ရာတွင် နည်းပညာအပါအဝင် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျန်းမာရေး တာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်မည် ဖြစ်ကြောင်း တရုတ်နိုင်ငံဆေးပညာကျွမ်းကျင်သူအဖွဲ့ ခေါင်းဆောင် ယန် ဇီယိုချန်က ပြောကြားသည်။



ကိုးကား-ဆင်ဟွာ

ဘာသာပြန် -စိုးသူရ

## အာဖရိကဒေသတွင် ၂၀၃၀ ပြည့်နှစ်၌ အသည်းရောင်အသားဝါရောဂါ အမြစ်ပြတ်ရေးဆောင်ရွက်မည်

အဒစ်အဘာဘာ ဩဂုတ် ၂

အာဖရိကဒေသတွင် ၂၀၃၀ပြည့်နှစ်၌ အသည်းရောင်အသားဝါရောဂါ အမြစ်ပြတ်ရေးအတွက် ဒေသတွင်းဆောင်ရွက်ချက်များအား မြှင့်တင်ရန် အာဖရိက ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာက တာဝန်ရှိသူများအား ပြောကြားခဲ့ကြောင်း သိရသည်။

အသည်းရောင်အသားဝါရောဂါ ဘီနှင့် စီတို့သည် ကာကွယ်ကုသနိုင်သည့်ရောဂါများဖြစ်လင့်ကစား ဒေသတွင်း သေဆုံးမှုများ၏ အရင်းခံအကြောင်းအရင်းဖြစ်နေကာ ဝန်ထုပ်ဝန်ပိုးလည်းဖြစ်နေကြောင်း အာဖရိကကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။ အာဖရိကဒေသ၌ ၆၄ သန်းသည် အသည်းရောင်အသားဝါရောဂါဘီပိုးကူးစက်နေပြီး ၎င်းတို့အနက်မှ ခြောက်ရာခိုင်နှုန်းသာ ရောဂါကူးစက်နေသည်ကို သိရှိကြောင်းနှင့် နှစ်ရာခိုင်နှုန်းသာ ရောဂါကုသမှုခံယူနေကြောင်း အဆိုပါအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါရောဂါများကာကွယ်ကုသရာတွင် စိန်ခေါ်မှုတစ်ရပ်မှာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အားနည်းခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့ကိုဖြေရှင်းရန်အတွက် ရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်သည့် ကျန်းမာရေးစနစ်များတွင် ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများအောင်မြင်မည်ဖြစ်ကြောင်း အဆိုပါအေဂျင်စီ၏ထုတ်ပြန်ချက်အရ သိရသည်။

ယခုထုတ်ပြန်ချက်များကို ဇူလိုင် ၂၈ ရက်တွင်ကျရောက်သည့် ကမ္ဘာ့အသည်းရောင်အသားဝါရောဂါကာကွယ်ရေးနေ့တွင်အသိပေးထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## အင်ဒိုနီးရှားနိုင်ငံက ပြည်တွင်းထုတ် လျှပ်စစ်ကားများနှင့် လျှပ်စစ်ဆိုင်ကယ်များအတွက် ထောက်ပံ့မှုအစီအစဉ်များပေးမည်

ဂျကာတာ ဩဂုတ် ၂

အင်ဒိုနီးရှားအစိုးရက ပြည်တွင်းထုတ်လျှပ်စစ်ကား ထုတ်လုပ်မှုကဏ္ဍကို အားကောင်းလာစေရန် ရည်ရွယ်ပြီး ပြည်တွင်းထုတ် လျှပ်စစ်ကားများနှင့် လျှပ်စစ်ဆိုင်ကယ်များအတွက် ထောက်ပံ့မှုအစီအစဉ်များ ပေးမည်ဖြစ်ကြောင်း စက်မှုဝန်ကြီး ကာတာဆာစမီတာက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်တွင် ပြည်တွင်းအမှတ်တံဆိပ် လျှပ်စစ်ကားများနှင့် လျှပ်စစ်ဆိုင်ကယ်များကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျကာတာမြို့တော်၌ ကျင်းပပြုလုပ်သည့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် အင်ဒိုနီးရှား အင်ဂျင်နီယာများအသင်း၏ (၅၅) ကြိမ်မြောက် အမျိုးသားအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတို့အပြီးတွင် စက်မှုဝန်ကြီး ကာတာဆာစမီတာက သတင်းထောက်များအား ပြောကြားခဲ့သည်။



အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုကိုယ်တိုင် မိတ်ဆက်ပေးမည့် ပြည်တွင်းအမှတ်တံဆိပ် လျှပ်စစ်ဆိုင်ကယ်တစ်မျိုးသည် အဆိုပါအားပေးကူညီမှုများရရှိမည့် စာရင်းတွင်ပါဝင်ပြီး ၎င်းအတွက် အထူးထောက်ပံ့မှုများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

သို့သော် အဆိုပါ အားပေးကူညီမှုပုံစံများနှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကိုမူ စက်မှုဝန်ကြီး ကာတာဆာစမီတာက ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

ထို့ပြင် ယခုနှစ်အတွင်း လျှပ်စစ်ကားအစီးရေ တစ်သိန်းနှင့် လျှပ်စစ်ဆိုင်ကယ်အစီးရေ တစ်သိန်းတို့အတွက် ထောက်ပံ့မှုအစီအစဉ်များကို အစိုးရက ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း ဘဏ္ဍာရေးဝန်ကြီး ဆာဒီဝါက ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်ဆိုင်ကယ်များအတွက် ပေးအပ်မည့် ကူညီထောက်ပံ့ကြေးမှာ တစ်စီးလျှင် ရူပီး ၅ သန်း (အမေရိကန်ဒေါ်လာ ၂၇၆ ခန့်) ရှိမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဆာဒီဝါက ပြောကြားခဲ့သည်။ သို့သော် လျှပ်စစ်ကားများအတွက် ပေးအပ်မည့် ထောက်ပံ့ကြေးပမာဏကို မဆုံးဖြတ်ရသေးကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

## အာဖဂန်နစ္စတန်နိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉၀၁ ဘီလီယံကျော်ရှိ

ကဘူး ဩဂုတ် ၂

အာဖဂန်နစ္စတန်နိုင်ငံ၏ စုစုပေါင်း ကုန်သွယ်မှုပမာဏသည် လွန်ခဲ့သောတစ်နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉၀၁ ဘီလီယံကျော်ရှိကြောင်း သိရသည်။

ပို့ကုန်တန်ဖိုး ၁ ဒသမ ၇၂၂ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး ၁၂ ဒသမ ၁၇၈ ဘီလီယံတို့ ပါဝင်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဇဘီဟူလာ မူဂျာဟစ်က ယနေ့ ပြောကြားခဲ့သည်။ အဆိုပါကာလအတွင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက အာဖဂန်နစ္စတန်နိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍနှင့် ဒေသတွင်းမိတ်ဖက်များအကြား စုစုပေါင်းတန်ဖိုး ၂ ဒသမ ၃၈၉ ဘီလီယံရှိသော နားလည်မှုစာချွန်လွှာများ၊ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစာချုပ်များ ချုပ်ဆိုခဲ့ကြောင်း မူဂျာဟစ်က ပြောကြားခဲ့သည်။

ထို့ပြင် စက်ရုံပေါင်း ၅၇၆ ရုံအတွက် မြေဧရိယာ ၂၈၀၄ ဧကကို ခွဲဝေချထားပေးခဲ့ပြီး ကဏ္ဍပေါင်း ၁၆ ခုတွင် စက်မှုလုပ်ငန်းကုမ္ပဏီသစ် ၁၇၄ ခုက လုပ်ငန်းလည်ပတ်မှုစတင်ခဲ့ကာ စက်မှုလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၄ သန်း ရရှိခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ အဓိက ပို့ကုန်များတွင် လတ်ဆတ်သော သစ်သီးဝလံများနှင့် အခြောက်ခံသစ်သီးဝလံများ၊ လက်ဖြင့် ရက်လုပ်ထားသော ကော်ဇောများ၊ ဟင်းခတ်အမွှေးအကြိုင်၊ လက်မှုပစ္စည်းများနှင့် ကျောက်မျက်ရတနာများ ပါဝင်သည်။

အဓိကသွင်းကုန်များတွင် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းကိရိယာများ၊ စိုက်ပျိုးရေးထွက်ကုန်များ၊ ပြုပြင်ပြောင်းလဲထားသော စားသောက်ကုန်များ၊ အထည်အလိပ်များ၊ သားရေထည်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းအစိတ်အပိုင်းများနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

## ဂျပန်အစိုးရက နမီးဘီးယားနိုင်ငံ၌ မြေရှားသတ္တုတူးဖော်ရေးအတွက် ရင်းနှီးမြှုပ်နှံရန်စီစဉ်

တိုကျို ဩဂုတ် ၂

ဂျပန်အစိုးရက အာဖရိကအနောက်တောင်ပိုင်းရှိ နမီးဘီးယားနိုင်ငံတွင် လုပ်ဆောင်မည့် မြေရှားသတ္တုတူးဖော်ရေး စီမံကိန်းတစ်ခု၌ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆ သန်းခန့်အထိ ရင်းနှီးမြှုပ်နှံရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ ထိပ်တန်းကုန်သွယ်ရေး ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် တိုယိုတာ ဆူရှို (Toyota Tsusho)က အဆိုပါ စီမံကိန်းအတွက် ဖွဲ့စည်းမည့် ကုမ္ပဏီတစ်ခုကို ဦးဆောင်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

လုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို အစိုးရနှင့် ဆက်နွှယ်နေသော သတ္တုနှင့်စွမ်းအင်လုံခြုံရေးဆိုင်ရာ ဂျပန်အဖွဲ့အစည်း (Japan Organization for Metals and Energy Security) မှတစ်ဆင့် ပြုလုပ်သွားမည်ဖြစ်သည်။

နမီးဘီးယားနိုင်ငံရှိ သတ္တုတွင်းများတွင် အားကောင်းသော သံလိုက်များထုတ်လုပ်ရာတွင် အလွန်အရေးပါသည့် ဒစ်စပရိုဆီယမ်သတ္တုဓာတ်အများအပြား တွေ့ရှိရသည်။ ထို့ပြင် စမတ်ဖုန်းများတွင် အသုံးပြုသည့် အစ်ထရီယမ်သတ္တုဓာတ် အများအပြားကိုလည်း တွေ့ရှိရသည်။



ဂျပန်နှင့် နမီးဘီးယားအစိုးရတို့က ရှားပါးမြေသားသတ္တုတူးဖော်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ဆွေးနွေးရန် ပြီးခဲ့သည့် ဖေဖော်ဝါရီလက သဘောတူညီခဲ့ကြသည်။

ထိုကဲ့သို့သော မြေရှားသတ္တုများကို လျှပ်စစ်ကားများ၊ စမတ်ဖုန်းများနှင့် အခြားစက်ပစ္စည်းများ ထုတ်လုပ်ရန်အတွက် အသုံးပြုသည်။ လက်ရှိတွင် ဂျပန်နိုင်ငံက မြေရှားသတ္တုရရှိနိုင်မည့် လမ်းကြောင်းများကို ရှာဖွေကြိုးပမ်းလျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်



# အာရှအမျိုးသမီး ချန်ပီယံလိဂ်အကြိုခြေစစ်ပွဲ အုပ်စု(F)ပွဲစဉ်များ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ရှေ့ဝတီအသင်း ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၂

မြန်မာအမျိုးသမီးကလပ် ရှေ့ဝတီအသင်းယှဉ်ပြိုင်မည့် ၂၀၂၆-၂၀၂၇ ရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အကြိုခြေစစ်ပွဲ အုပ်စု(F) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ပြုလုပ်မည်ဖြစ်သည်။

ရှေ့ဝတီအသင်းသည် ပြီးခဲ့သည့်ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သဖြင့် ယခုရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြေစစ်ပွဲအဆင့်မှ စတင်ကစားခွင့်ရခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၂၄ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းအုပ်စု ခြောက်ခုခွဲ၍ ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

အုပ်စုခွဲဝေထားမှုအရ အုပ်စု(A)တွင် အရှေ့ဘင်ဂေါ(အိန္ဒိယ)၊ ဆာဘား(မလေးရှား)၊ ရိုဗာ(ဂူအမ်)၊ ရာရှ်ရှာဟီစတား(ဘင်္ဂလားဒေ့ရှ်)၊ အုပ်စု(B)တွင် ကာယာ(ဖိလစ်ပိုင်)၊ TSL(ဟောင်ကောင်)၊ ဖနွမ်းပင်ခရောင်း(ကမ္ဘောဒီးယား)၊ FC ILbirs(ကာဂျစ္စတန်)၊ အုပ်စု(C)တွင် ဘာနတ်(ယူအေအီး)၊ PFC NASAF(ဥဇဘက်ကစ္စတန်)၊ မာစတာ(လာအို)၊ ရှိုင်ရယ်သီဖူကောလိပ်(ဘူတန်)၊ အုပ်စု(D)တွင် College of Asian Scholars(ထိုင်း)၊ 4.25 FC(မြောက်ကိုရီးယား)၊ ခါရတ်ဆိုင်(မွန်ဂိုလီးယား)၊ S'AMUSER FC(တီမော)၊ အုပ်စု(E)တွင် ဘမ်ခါတွန်(အီရန်)၊ အီတီဟတ်(ဂျော်ဒန်)၊ အယ်လ်နာဆာ(ဆော်ဒီအာရေဗျ)၊ FC CSKA Dushanbe (တာဂျစ်ကစ္စတန်)၊ အုပ်စု(F)တွင် New Taipei City Hang Yuan(တရုတ်တိုင်ပေ)၊ ရှေ့ဝတီ(မြန်မာ)၊ FC Jurong (စင်ကာပူ)၊ No Limits(လက်ဘနွန်)တို့ ပါဝင်နေသည်။

နောက်ဆုံးအဆင့်တွင် မြောက်ကိုရီးယား၊ ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နှင့် ဗီယက်နမ်ကလပ် တစ်သင်းစီက တိုက်ရိုက်ကစားခွင့်ရထားပြီး ခြေစစ်ပွဲအောင် ခြောက်သင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စု(F)ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ တစ်ရက်လျှင် နှစ်ပွဲနှုန်း ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၁၇ ရက် ညနေ ၄ နာရီတွင် ရှေ့ဝတီ(မြန်မာ)နှင့် FC Jurong (စင်ကာပူ)၊ ည ၇ နာရီတွင် New Taipei City Hang Yuan (တရုတ်တိုင်ပေ)နှင့် No Limits (လက်ဘနွန်)၊ ဩဂုတ် ၂၀ ရက် ညနေ ၄ နာရီတွင် ရှေ့ဝတီ(မြန်မာ)နှင့် No Limits (လက်ဘနွန်)၊ ည ၇ နာရီတွင် FC Jurong(စင်ကာပူ)နှင့် New Taipei City Hang Yuan(တရုတ်တိုင်ပေ)၊ ဩဂုတ် ၂၃ ရက် ညနေ ၄ နာရီတွင် ရှေ့ဝတီ(မြန်မာ)နှင့် New Taipei City Hang Yuan (တရုတ်တိုင်ပေ)၊ ည ၇ နာရီတွင် No Limits(လက်ဘနွန်)နှင့် FC Jurong (စင်ကာပူ)တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ခြောက်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ရှေ့ဝတီအမျိုးသမီးအသင်းသည် လက်ရှိကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)အပြီးတွင် အမှတ်ပေးဇယား ဒုတိယနေရာ၌ ရပ်တည်နေပြီး ချန်ပီယံဆု ကာကွယ်နိုင်ရန်အပြင် ပထမဆုံးယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲတွင်ပါ ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - စိုးညွန့်သော်

# ကမ်းဝေး ကမ်းနီးငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် တည်နေရာများဖော်ပြ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို(၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သမြုချိုင်(ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ရှေ့ဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ရှေ့ဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ရှေ့ဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနီကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း(MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း(SOUTH MOSCOS) မြောက် လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
❖ ရေစီးကြောင်းနှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

# A Basic Spoken English Course

ဒီတစ်ပတ်မှာ Lesson 5: My Daily Routine (နေ့စဉ်လုပ်ဆောင်ချက်များ) အကြောင်းကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။

**IV. Fill in with Do or Does.**

1. _____________ they study their lessons?
2. _____________ she buy a new pen?
3. _____________ he do exercises?
4. _____________ father go to office?
5. _____________ mother love you very much?
6. _____________ you wake up at 6 AM every day?
7. _____________ Ko Ko drink coffee in the morning?
8. _____________ the children play football after school?
9. _____________ we have an English class today?
10. _____________ Thiri clean her room on weekends?
11. _____________ they take the bus to work?
12. _____________ your cat sleep on your bed?
13. _____________ he watch TV in the evening?
14. _____________ you like to eat pizza?
15. _____________ Daw Lay cook dinner every night?

**V. Write the short answers.**

**e.g. Do you love your parents?**
**Yes, I do.**

**e.g. Does she eat fish?**
**No, she doesn't.**

1. Does your sister work in a bank?
   No, ___________________.
2. Do your brothers eat meat a lot?
   No, ___________________.
3. Does U Ba teach you English?
   Yes, ___________________.
4. Do you use phones?
   No, ___________________.
5. Do you like mangoes?
   Yes, ___________________.
6. Does Ko Ko wake up early?
   Yes, ___________________.
7. Do they take the bus to school?
   No, ___________________.
8. Does your mother cook dinner?
   Yes, ___________________.
9. Do the birds fly high?
   Yes, ___________________.
10. Does he drink coffee?
    No, ___________________.
11. Do you and your friends watch TV?
    Yes, ___________________.
12. Does Daw Lay clean the house?
    No, ___________________.
13. Does the dog bark at night?
    Yes, ___________________.
14. Do they live in Yangon?
    Yes, ___________________.
15. Does Thiri play the guitar?
    No, ___________________.

**VI. Translate the following into English.**

1. ကျွန်တော် နေ့တိုင်း အိမ်စာ လုပ်တယ်။ (do homework)
   ________________________________________.
2. သူတို့ ညတိုင်းတီဗွီကြည့်တယ်။ (watch TV / every night
   ________________________________________.
3. ကိုလေး နေ့တိုင်း သတင်းစာဖတ်တယ်။ (read the



newspaper/ every day)
   ________________________________________.
4. မောင်မောင် ကော်ဖီမကြိုက်ပါ။ (not/ like/ coffee)
   ________________________________________.
5. ဖေဖေ ၈ နာရီမှာ ရုံးသွားတယ်။ (at 8 o'clock/ go to office)
   ________________________________________.
6. သူတို့ အိမ်စာ လုပ်ကြသလား။ (do homework)
   ________________________________________.
7. ကျွန်မ မနက် ၆ နာရီမှာ အိပ်ရာထတယ်။(wake up/at 6 A.M)
   ________________________________________.
8. မေမေ ညစာချက်တယ်။ (cook / dinner)
   ________________________________________.
9. ညီမလေး သွားတိုက်တယ်။ (brush / teeth)
   ________________________________________.
10. သူ ကားမမောင်းပါ။ (not / drive / a car)
    ________________________________________.
11. ကိုကို ရေချိုးသလား။ (take a shower)
    ________________________________________.
12. ကျွန်တော်တို့ လိုင်းကားစီးတယ်။ (take / the bus)
    ________________________________________.
13. သီရိ အင်္ဂလိပ်စာလေ့လာတယ်။ (study / English)
    ________________________________________.
14. သူတို့ ရန်ကုန်မှာ မနေပါ။ (not / live / in Yangon)
    ________________________________________.
15. နန္ဒာ မနက်စာ စားသလား။ (eat / breakfast)
    ________________________________________.
16. ကျွန်တော် မနက် ၆ နာရီမှာ အိပ်ရာထတယ်။
    ________________________________________.
17. ကျွန်တော် မျက်နှာသစ်တယ်၊ သွားတိုက်တယ်။
    ________________________________________.
18. ကျွန်တော် ရေချိုးတယ်။
    ________________________________________.
19. ကျွန်တော် ကော်ဖီသောက်တယ်။
    ________________________________________.
20. ကျွန်တော် မနက်စာစားတယ်။
    ________________________________________.
21. ကျွန်တော် အလုပ်သွားတယ်။
    ________________________________________.
22. ကျွန်တော် လိုင်းကားစီးတယ်။
    ________________________________________.
23. ကျွန်တော် မနက် ၉ နာရီမှာ အလုပ်စတယ်။
    ________________________________________.
24. ကျွန်တော် နေလယ်စာစားတယ်။
    ________________________________________.
25. ကျွန်တော် ညနေ ၅ နာရီမှာ အလုပ်ဆင်းတယ်။
    ________________________________________.
26. ကျွန်တော် ဈေးဝယ်သွားတယ်။
    ________________________________________.
27. ကျွန်တော် ညစာချက်တယ်။
    ________________________________________.
28. ကျွန်တော် တီဗွီကြည့်တယ်။
    ________________________________________.
29. ကျွန်တော် အိမ်သန့်ရှင်းရေးလုပ်တယ်။
    ________________________________________.
30. ကျွန်တော် ည ၁၀ နာရီမှာ အိပ်ရာဝင်တယ်။
    ________________________________________.

**VII. Translate the following paragraphs into English.**

**Exercise (1)**

ကျွန်တော်က မနက်တိုင်း ၆ နာရီမှာ အိပ်ရာထတယ်။ မျက်နှာသစ် သွားတိုက်ပြီးတော့ ရေချိုးတယ်။ အမေက မနက်စာအတွက် ထမင်းကြော်ပေးတယ်။ မနက်စာစားပြီးတဲ့နောက် ကော်ဖီတစ်ခွက်သောက်တယ်။ ၈ နာရီခွဲမှာ အလုပ်ကို လိုင်းကားစီးသွားတယ်။ ကျွန်တော် မနက် ၉ နာရီမှာ အလုပ်စပြီး ညနေ ၅ နာရီမှာ အလုပ်ဆင်းတယ်။ အိမ်ပြန်ရောက်တဲ့အခါ မိသားစုနဲ့အတူ ညစာစားတယ်။ ညစာစားပြီးတော့ တီဗွီကြည့်ပြီး အနားယူတယ်။ ည ၁၀ နာရီမှာ အိပ်ရာဝင်တယ်။

________________________________________
________________________________________
________________________________________
________________________________________
________________________________________
________________________________________

**Exercise (2)**

ကျွန်မက မနက်တိုင်း ၆ နာရီခွဲမှာ အိပ်ရာထတယ်။ မျက်နှာသစ် သွားတိုက်ပြီးတော့ ကျောင်းဝတ်စုံလဲတယ်။ မနက်စာကို မုန့်ဟင်းခါး စားပြီး နွားနို့သောက်တယ်။ ၇ နာရီခွဲမှာ ကျောင်းကားစီးပြီး ကျောင်းသွားတယ်။ ကျောင်းမှာ သူငယ်ချင်းတွေနဲ့အတူ စာသင်ရတာကို ပျော်တယ်။ မွန်းလွဲ ၁ နာရီမှာ ကျောင်းဆင်းလို့ အိမ်ပြန်လာတယ်။ အိမ်ပြန်ရောက်ရင် နေ့လယ်စာစားပြီး ခဏနားတယ်။ ညနေပိုင်းမှာ အိမ်စာလုပ်ပြီး အင်္ဂလိပ်စာလေ့လာတယ်။ ညစာစားပြီးတဲ့နောက် မိသားစုနဲ့အတူ စကားပြောတယ်။ ည ၉ နာရီခွဲမှာ စာအုပ်ဖတ်ပြီး အိပ်ရာဝင်တယ်။

________________________________________
________________________________________
________________________________________
________________________________________
________________________________________
________________________________________

**Exercise (3)**

ကျွန်မက မနက် ၆ နာရီမှာ အိပ်ရာထတယ်။ မနက်စာအတွက် ကော်ဖီနဲ့ကိတ်မုန့်စားတယ်။ ၇ နာရီခွဲမှာ ကျောင်းကိုသွားတယ်။ ကျောင်းရောက်တဲ့အခါ ဒီနေ့သင်ရမယ့် သင်ခန်းစာတွေကိုပြင်ဆင်တယ်။ မနက် ၉ နာရီမှာ ကျောင်းသားတွေကိုစာသင်တယ်။ ကျောင်းသားတွေက စာကြိုးစားကြလို့ ကျွန်မပျော်ပါတယ်။ မွန်းလွဲ ၁၂ နာရီမှာ ဆရာမနားနေဆောင်မှာ နေ့လယ်စာစားတယ်။ ညနေ ၃ နာရီခွဲမှာ ကျောင်းဆင်းတော့ အိမ်ပြန်လာတယ်။ အိမ်ရောက်ရင် ရေချိုးပြီး ခဏနားတယ်။ ညနေပိုင်းမှာ ကျောင်းသားတွေရဲ့ အိမ်စာစာအုပ်တွေကို စစ်ဆေးတယ်။ ညစာစားပြီးတဲ့နောက် စာအုပ်ဖတ်ပြီး ည ၁၀ နာရီမှာ အိပ်ရာဝင်တယ်။

________________________________________
________________________________________
________________________________________
________________________________________
________________________________________
________________________________________

************************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ရာစုနှစ်၏ အထူးခြားဆုံး သာသနာပြုပုဂ္ဂိုလ် (သို့မဟုတ်) မြိုင်ကြီးငူဆရာတော်



ဓမ္မဝီရဒေါက်တာအရှင်တေဇနိယ ရေးသားသည့် ရာစုနှစ်၏ အထူးခြားဆုံး သာသနာပြုပုဂ္ဂိုလ် (သို့မဟုတ်)မြိုင်ကြီးငူဆရာတော် (ပထမတွဲ)စာအုပ် ထွက်ရှိလာသည်။

ဓမ္မဝီရဒေါက်တာအရှင်တေဇနိယသည် ရာစုနှစ်၏ အထူးခြားဆုံး သာသနာပြုပုဂ္ဂိုလ် (သို့မဟုတ်) မြိုင်ကြီးငူဆရာတော် စာအုပ်ကို ရေးသားရာတွင် (၈)နှစ်ခန့်ကြာအောင် လွန်စွာအလေးထား အလွန်သတိထား ရေးသားခဲ့သည်။ မြိုင်ကြီးငူဆရာတော်မှာ တစ်ခေတ်တွင် တစ်ယောက်၊ တစ်မိုးအောက် တစ်ပါး ရှားရှားပါးပါး ပေါ်ထွန်းလာသော သာသနာ့အာဇာနည် မဟာထေရ်မြတ်ဖြစ်သည်။ ဆရာတော်၏ သာသနာပြုစွမ်းရည်များ ဖော်ပြထားသည့်အတွက် ဖတ်ရှုသူတိုင်း ကောင်းကျိုးများစွာ ရရှိမည်မှာ ဧကန်ပင်ဖြစ်သည်။ ဤစာအုပ်ကို ဖတ်ရှုသူတိုင်း သာသနာ့အာဇာနည် မြိုင်ကြီးငူဆရာတော်၏ လောကဓံရင်ဆိုင်ပုံနှင့် အောင်မြင်မှုရအောင် စွမ်းဆောင်ပုံများကို အတုယူကျင့်သုံးသင့်ကြောင်း စာရေးသူဆိုထားသည်။

စာအုပ်ကို ကိုလတ်စာပေ၊ ၀၉-၈၈၅၀၂၀၀၆၈၊ ၀၉-၉၆၅၀၂၀၀၆၈၊ အမှတ်(၂၂၀)၊ ၃၁လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်နှင့် အရပ်ဖောင်ဒေးရှင်း(ဗဟို)၊ ၀၉-၂၀၂၃၁၀၄၊ သုမင်္ဂလာလုံးချင်းအိမ်ရာဝင်း၊ ဘုရားသုံးဆူဓမ္မပါလစာသင်တိုက်(အတွင်း)၊ ILBCအနီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၈၀၀၀ ဖြင့် ဖြန့်ချိသည်။

## ထူးဆန်းအံ့ဩဖွယ်ရာ အတွေ့အကြုံများကို ဝိပဿနာဉာဏ်အမြင်ဖြင့် သုံးသပ်ခြင်း




မေတ္တာရှင် (ရွှေပြည်သာ) ရေးသားသည့် ထူးဆန်းအံ့ဩဖွယ်ရာ အတွေ့အကြုံများကို ဝိပဿနာဉာဏ်အမြင်ဖြင့် သုံးသပ်ခြင်း (ဒုတိယတွဲ)စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် အခန်း(၇)ခန်း ပါရှိပြီး အခန်း(၁)တွင် အကြီးမားဆုံးကုသိုလ်၊ ကြောက်စရာ သက္ကာယဒိဋ္ဌိ၊ ဗုဒ္ဓဝါဒ၊ အနတ္တလက္ခဏာ (၅)ချက်၊ ထူးဆန်းအံ့ဩဖွယ်ရာ အတွေ့အကြုံများကို ဝိပဿနာဉာဏ်အမြင်ဖြင့် သုံးသပ်ခြင်း၊ အခန်း (၂)တွင် ဝေဒနာကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုမှတ်ပုံ၊ သဲအင်းဆရာတော်နှင့် သာသနာပြု တရုတ်လင်မယား၊ အခန်း(၃)တွင် သံသရာလည်ပုံ၊ အကုသိုလ်ပယ်နိုင်သော ဝိပဿနာ၊ သေကာနည်း နှလုံးသွင်းနည်း၊ အခန်း(၄)တွင် သူတော်ကောင်းဥစ္စာ (၇)ပါး၊ သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိ၊ အခန်း(၅)တွင် သခ်ီတ၊ အသင်္ခတ၊ သမာဓိ၏ တန်ခိုးစွမ်းအားကို မြင်တွေ့ခြင်း၊ သမာဓိတန်ခိုးဖြင့် ကြိုတင်နိမိတ်ဖတ်ခြင်း၊ အခန်း(၆)တွင် နိဗ္ဗာန်ဘယ်မှာရှိသလဲ၊ သဲအင်းဂူဆရာတော်၏ ပဋ္ဌိဝေစကားတော်များ၊ အခန်း(၇)တွင် ဘဝတဏှာ၏ ပရိယာယ်၊ လမ်းဖောက်မည့်နေရာတွင် မိုးတားပေးခြင်း၊ ပါချုပ်ဆရာတော်ကြီး ဟောကြားသောတရားနာယူရင်းတရားအားထုတ်ခြင်းစသည်တို့ပါရှိသည်။

စာအုပ်ကို ရွှေပြည်သာစာပေ၊ ၀၉-၇၉၄၁၂၀၁၂၊ ၀၉-၄၄၃၃၅၉၀၆၀၊ အမှတ်(၂၅/မြေညီ)၊ ဒွေးကြွယ်(က)ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်မှ တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## ဓားဖိုးခက် (သို့မဟုတ်) လုံမင်းသားစံတင်




အောင်သျှန်ဝိုင်း (ကျိုက်မရော) ရေးသားသည့် ဓားဖိုးခက် (သို့မဟုတ်) လုံမင်းသားစံတင် စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ရသစုံရုပ်ရှင်ထမင်းဝိုင်း၊ နမ္မတူသားလေးမောင်စံတင်၊ ရန်ကုန်သားလေးမောင်စံတင်၊ ရုပ်ရှင်လောကသို့ ခြေချဝင်သော မောင်စံတင်၊ စောရမင်းသား မောင်စံတင်၊ ပြေးလမ်းပေါ် ရောက်လာသော စံတင်၊ လုံမင်းသားစံတင်လာပြီ၊ လာပြီ ဓားဖိုးခက်လာပြီ၊ ခေါင်းဆောင် မင်းသားစံတင်၊ စံတင်၏ စိတ်ဓာတ်ခွန်အား မက္ခရာဓား၊ ရုပ်ရှင်လောကသား လုံမင်းသားစံတင်၊ မြတ်လေး၊ ရွှေဘ၊ စိုးရွှေတို့က ဖိုက်တင်ချရန် ဦးစားပေးခံရသူ၊ တစ်ချိန်က ကိုယ်ပိုင်ကားနှင့် လူကြမ်းစံတင်၊ အသက်ပြင်းသော ဗန်တိုလူလေး မဝေးသေး၊ လုံမင်းသားစံတင် သရုပ်ဆောင် ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားများ စသည့်အကြောင်းအရာ ၁၅ ခု ပါရှိသည်။

စံတင်က ဖိုက်တင်အကြမ်းသာကောင်းသည်မဟုတ် အိုက်တင်လည်းကောင်းသည်။ သရုပ်ဆောင်အမူအရာလည်းကောင်းသည်ဟု ရုပ်ရှင်လောကသားများနှင့် ပရိသတ်က သုံးသပ်ခဲ့ကြသည်။ (ဦး)စံတင်သည် ယခုအခါ အသက် (၈၉)နှစ်ရှိပြီဖြစ်သည်။

စာအုပ်ကို ကိုလတ်စာပေ၊ ၀၉-၇၅၀၂၉၃၃၁၃၊ အမှတ်(၂၁၂)၊ မြေညီထပ်၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။

❖ MFF မှ

MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲကို ဇွန် ၁၄ ရက်တွင်ကျင်းပသည့် ပွဲစဉ်(၆) ပြီးကတည်းက တစ်လခွဲကျော်ကြာ ရပ်နားထားခြင်းဖြစ်ပြီး ယခုမှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ပွဲစဉ်(၇)တွင် Pacific Sun Far အသင်းက ဘူရှိဒိုအသင်းကို ၁၃ ဂိုး-သုံးဂိုး၊ Jullniss အသင်းက FFU မင်းမဟော်အသင်းကို ခြောက်ဂိုး - ငါးဂိုး၊ Avengers Junior အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို လေးဂိုး - သုံးဂိုး၊ TKA Star အသင်းက မာရိန်းအသင်းကို ရှစ်ဂိုး - သုံးဂိုး၊ SGF Youth အသင်းက United City အသင်းကို ကိုးဂိုး - ငါးဂိုး၊ Victoria အသင်းက မဟာဘားမားအသင်းကို သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပွဲစဉ်(၇)အပြီးတွင် SGF Youth အသင်းက ၂၁ မှတ်ဖြင့် ဦးဆောင်နေပြီး Victoria အသင်းက ၁၈ မှတ်၊ FFU မင်းမဟော်အသင်းက ၁၅ မှတ်၊ Pacific Sun Far အသင်းက ၁၃ မှတ်၊ Mahar Burma အသင်းနှင့် Avengers Junior အသင်းတို့က ၁၂ မှတ်စီ၊ Jullniss အသင်းက ၁၀ မှတ်၊ United City အသင်းနှင့် TKA Star အသင်းတို့က ကိုးမှတ်စီ၊ ရွှေပြည်သာယူနိုက်တက်အသင်းက သုံးမှတ်၊ မာရိန်းအသင်းနှင့် ဘူရှိဒိုအသင်းတို့က တစ်မှတ်စီရရှိထားသည်။

**သတင်း - ညီမြတ်သော်တာ**
**ဓာတ်ပုံ - MFF**

❍ MNL မှ

၁၁ ပွဲ ဆက်တိုက်နိုင် ပွဲပျောက်ဆုံးခဲ့ပြီး တစ်မှတ်သာ ရယူထားနိုင်သည်။ ဟံသာဝတီယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၉၊ ၁၂၊ ၄၆ မိနစ်တွင် အောင်ဇော်ဦးက ဟက်ထရစ်၊ ၃၃ မိနစ်တွင် အောင်စံဖြိုးနှင့် ၆၄ မိနစ်တွင် ဆာအယ်ဗစ်က သွင်းယူပြီး Chinland အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၇၅ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် လွန်ရာဂင်က သွင်းယူသည်။

**ယှဉ်ပြိုင်ကစားမည်**

ပွဲစဉ်(၁၁) နောက်ဆုံးနေ့ကို ဩဂုတ် ၃ ရက်တွင် ဗဟန်းမြက်ခင်းတုကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး စစ်ကိုင်းယူနိုက်တက်နှင့် ရေဝတီယူနိုက်တက်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-မောင်ညီ**
**ဓာတ်ပုံ-MNL**

## ကျောက်မဲ၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID နေ့ချင်းပြီး ဆောင်ရွက်ပေး

**ကျောက်မဲ ဩဂုတ် ၂**

ကျောက်မဲမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ သက်သေခံကတ်ပြားများ အချိန်တိုအတွင်း ရရှိစေရေးအတွက် ရက် (၁၀၀) "လမင်း"စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်မဲမြို့နယ် ဦးစီးမှူး ဦးမင်းသူနှင့် ဝန်ထမ်းများသည် ယနေ့တွင်ရပ်ကွက် (၁)ရှိအမှတ် (၄)အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ကွင်းဆင်း၍ ကျောင်းသား ကျောင်းသူ ၈၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID (Biometric) ဇီဝအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

**ပေးအပ်**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးမှုအား ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဇော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေ၊ အဖွဲ့ဝင် ဦးသန့်ဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## အုတ်ဖိုမြို့၌ သမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ



**အုတ်ဖို ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် G.E.C ပညာရေးငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက အထကအုတ်ဖို ရောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်သီသီမွန်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်မာလွင် တို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးမှူး ဦးစီးအရာရှိ ဒေါ်ကေခိုင်ဝင်းက သမဝါယမအသင်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး ရှင်းလင်းဆွေးနွေးသည်။ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို ဆရာဦးစိုးနိုင်က လည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်လင်းဦးကလည်းကောင်း ဖတ်ကြားတင်ပြကာ သဘာပတိက အသင်းသားစုဆောင်းငွေပေါ် အတိုးအား အတည်ပြုပြီး ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် အသင်းသားစုဆောင်းငွေပေါ်အတိုး ငွေကျပ် ၄၆၆၉၈၂၂၀ တို့ကို ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော G.E.C ပညာရေးသမဝါယမအသင်းသားများ၏ သားသမီးများအား ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်သူ(အုတ်ဖို)**

# ဉာဏ်ရည်တုလှိုင်းများ (၁၅)

**နီဇော်သစ်**

ဉာဏ်ရည်တုလှိုင်းများခေါင်းစဉ်ဖြင့် အေအိုင်နည်းပညာနှင့် အကျိုးဆက်များအကြောင်း ဆွေးနွေးခဲ့သည်မှာ အပိုင်း(၁၅)ရောက်ခဲ့ပါပြီ။ အဆုံးသတ်ဖို့လည်းသင့်ပါပြီ။ တကယ်တော့ ဤဆောင်းပါးများကိုစရေးစဉ်က အေအိုင်၏ စွမ်းဆောင်ရည်များ၊ လူသားတို့ကပေးသည့် လုပ်ပိုင်ခွင့်အဆင့်၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အကျိုးဆက်များ၊ ပါဝါပြန်လည်ဖြန့်ဝေမှုတို့ကို အစဉ်အတိုင်း လေ့လာစူးစမ်းရင်းလိုက်သွားလျှင် ကျွန်တော်တို့လို တတိယလှိုင်းနိုင်ငံမှ လူသားတစ်ယောက်အတွက် အေအိုင်လှိုင်းအောက် နစ်မြုပ်မသွားရန် အဖြေတစ်ခုခုရလာမည်ဟုထင်ခဲ့သည်။ တကယ်တမ်းတွင် မေးခွန်းများကသာ ပိုများလာခဲ့သည်။

ပြီးခဲ့သည့် အပိုင်း(၁၄)တွင် အေအိုင်လှိုင်းကို စဉ်ဆက်မပြတ်သင်ယူရင်း အေအိုင်နည်းပညာကို အသုံးချကာ ကိုယ်ပိုင်တန်ဖိုးတစ်ခု ဖန်တီးတည်ဆောက်ခြင်းဖြင့် လှိုင်းစီးဖို့ပြောခဲ့သည်။ သတင်းနည်းပညာကိုသုံးပြီး အဆက်မပြတ် ထိုးနှက်နေသော အချက်အလက်များကို ကိုယ့်အတွက် တန်ဖိုးရှိသည့် သတင်းများဖြစ်အောင်လုပ်ပြီး ကိုယ်သုံးမည့် အေအိုင်စနစ်အတွက် အရင်းအမြစ်များ ဖြစ်အောင်လုပ်ဖို့ပြောခဲ့သည်။ ထိုလမ်းကြောင်းမှာ တစ်ကိုယ်စာအတွက် မမှားလောက်ဟု ကျွန်တော်ထင်သည်။ သို့သော် ကျွန်တော်တို့သည် ကျွန်တော်တို့ထက် ပိုမိုကြီးမားသောအရာတစ်ခု၏ အစိတ်အပိုင်းအဖြစ် မလွှဲမရှောင်သာ ပါဝင်ကြရသည်။ ထို့ကြောင့် ရွေးချယ်စရာများမှာလည်း တစ်ယောက်နှင့်တစ်ယောက် တူညီကြမည်မဟုတ်ပေ။

ဝမ်းသာစရာ သတင်းစကားတစ်ခုမှာ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အီလွန်မက်စ်ပြောခဲ့သည့် ၂၀၃၆ ခုနှစ်အလွန်တွင် ပိုက်ဆံသည် ပြဿနာရှိတော့မည်မဟုတ်ဆိုသည့် စကားဖြစ်သည်။ ဆိုလိုသည်မှာ အေအိုင်နှင့် စက်ရုပ်တို့က ကျွန်တော်တို့အတွက် လိုအပ်သောကုန်စည်နှင့် ဝန်ဆောင်မှုများကိုအလျှံပယ်မီအောင် ထုတ်လုပ်ပေးသွားမည်ဖြစ်၍ မည်သူမဆို စားသုံးနိုင်မည်ဖြစ်၍ပင်။ ပထမဆုံးထရီလီယံနာဖြစ်ခဲ့ဖူးသူတစ်ယောက်၏ အိပ်မက်က ထိုမျှကြီးမားသည်မှာ အပြစ်မဆိုသာ။ ပြန်ကြည့်လျှင် လီခိုင်ဖု၏ ၂၀၄၁ ခုနှစ်ထဲမှ ပေါ်ကြွယ်ခေတ် သဘောတရားနှင့် အလားသဏ္ဍာန်တူသည်။ လီခိုင်ဖုက ၂၀၄၁၊ အီလွန်မက်စ်က ၂၀၃၆ ဆိုတော့ သိပ်ကွာလှသည်တော့မဟုတ်။ နောက်ကျလျှင်ပင် ကျွန်တော်တို့သက်တမ်းအတွင်း မြင်တွေ့သွားရနိုင်သည်ဟု မျှော်လင့်စရာရှိသည်။ သို့သော် ကျွန်တော်တို့တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် ထိုမျှကြီးမားသောအရာတစ်ခု၏ အစိတ်အပိုင်းဖြစ်ဖို့ ကြိုးစားအားထုတ်မှုတစ်ခုခု လိုဦးမည်ဖြစ်သည်။ ဥပမာပြောရလျှင် လီခိုင်ဖု၏ ပေါ်ကြွယ်ခေတ်ထဲမှ ဂုဏ်သိက္ခာပိုက်ဆံကို ကိုင်ဆောင်ထားနိုင်ဖို့။

သို့သော် စိုးရိမ်ဖွယ်သတင်းစကားတစ်ခုလည်းရှိသည်။ ယင်းမှာ မူစတာဖာ ဆူလီမန်၏ လမ်းကျဉ်းသဘောတရားပင်။ သူက ဒါရွန်အာစီမိုဂလူနှင့် ဂျိမ်းစ်ရော်ဘင်ဆင်တို့၏ စကြံကျဉ်း သဘောတရား




ကို အေအိုင်လှိုင်းတို့အတွက် ယူသုံးထားခြင်းဖြစ်သည်။ ကျွန်တော်တို့သည် တစ်ဖက်ကအာဏာရှင်ချောက်ကမ်းပါး၊ တစ်ဖက်က ဗဟိုထိန်းချုပ်မှုမဲ့ပြီး ကစဉ့်ကလျားဖြစ်စေမည့် ချောက်ကမ်းပါးနှစ်ခုကြားရှိ လမ်းကျဉ်းလေးထဲတွင် လျှောက်လှမ်းနေကြရသည်။ နည်းပညာတို့က ထိုလျှောက်လမ်းလေးကိုပိုကျဉ်းလာစေသည်။ အေအိုင်နည်းပညာနှင့် လက်ရှိကမ္ဘာ၏ အနာဂတ်သည်လည်း ထိုအတိုင်းပင်။ နည်းပညာကို ထိန်းချုပ်နိုင်သူတို့က အပြည့်အဝချုပ်ကိုင်သွားမလား သို့မဟုတ် နည်းပညာကို မထိန်းချုပ်နိုင်ဘဲ 'မကောင်းသူထိပ် ကောင်းသူထိပ်' လူမျိုးစုံထံသို့ မထိန်းချုပ်နိုင်သောပါဝါများ ပြန့်ကျဲသွားမလား။ ထိန်းချုပ်သူတို့သည် အစိုးရ၊ ကော်ပိုရိတ်ကြီးများ၊ အဖွဲ့အစည်းကြီးများ အစရှိသဖြင့် မျိုးစုံဖြစ်နိုင်သည်။ မဟာအလဲအထပ် သဘောတရားအရ လူအများက သူတို့ကို ထိန်းချုပ်ခွင့်ပေးပြီး အပြန်အလှန်အားဖြင့် သူတို့က ငြိမ်းချမ်းခြင်းနှင့် ကြီးပွားချမ်းသာမှုကို ပြန်ပေးရမည်။ ထိုသဘောမှာ အကြမ်းဖက်မှုများကင်းဝေးပြီး ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်သော လမ်းကြောင်းဖြစ်သည်ကို သမိုင်းက သက်သေခံထားပြီးသားဖြစ်သည်။ ပြီးခဲ့သည့် နှစ်ပေါင်း ၃၀၀ အတွင်း လူသားတို့ကို ဖွံ့ဖြိုးတိုးတက်စေခဲ့သော လမ်းကြောင်းလည်းဖြစ်သည်။

အီလွန်မက်စ်နှင့် လီခိုင်ဖုတို့၏ မျှော်လင့်ချက်ပန်းတိုင်မှာလည်း ထိုလမ်းကြောင်းဖြစ်သည်။ သို့သော် ပန်းတိုင်ရောက်ပြီးသည့်တိုင် လမ်းကျဉ်းသဘောတရားက လျော့ကျသွားဦးမည်မဟုတ်ပေ။

ဗဟိုချုပ်ကိုင်မှုဆီသို့ ဦးတည်မသွားစေရန်နှင့် တစ်ဖက်တွင် ကစဉ့်ကလျားမဖြစ်စေရန်မှာ လူ့အဖွဲ့အစည်းထဲမှ တစ်ဦးတစ်ယောက်ချင်းစီ၏တာဝန်ဖြစ်လာသည်။ ထိုလူ့အဖွဲ့အစည်းသည် ပါဝါကိုင်ထားသောအဖွဲ့များကို ထိထိရောက်ရောက်တုံ့ပြန်နိုင်စွမ်းရှိရမည်။ စည်းမျဉ်းဥပဒေများ၏ အသုံးဝင်မှုကို သမိုင်းတစ်လျှောက် တွေ့မြင်ခဲ့ရသည်။ အလားတူ စည်းမျဉ်းဥပဒေတို့၏ အားနည်းချက်များကိုလည်း တွေ့မြင်ထားရပြီးသား။ ထို့ပြင် နည်းပညာသည် ၂၁ ရာစု ကွမ်တမ်ခုန်နှုန်းဖြင့်သွားနေချိန်တွင် စည်းမျဉ်းဥပဒေတို့သည် ၁၉ ရာစု မီးရထားများကို စီးနင်းပြီး လိုက်နေရသည်။ ထို့ကြောင့် စည်းမျဉ်းဥပဒေသက်သက်ကို အားကိုးရုံမျှဖြင့် ကျွန်တော်တို့ ရင်ဆိုင်ရမည့်ပြဿနာများကို ကျော်လွှားနိုင်မည်မဟုတ်သည်မှာ သေချာသည်။


ထို့ကြောင့် လူအများစု၏ လှုပ်ရှားမှုတို့က အရေးကြီးသည်။ ပို၍ တိတိကျကျပြောရလျှင် နည်းပညာကို အမီလိုက်နိုင်သည့် လူ့အဖွဲ့အစည်း၏ အစွန်းနှစ်ဖက်ကို တုံ့ပြန်မှုဖြစ်သည်။ တစ်နည်းအားဖြင့် ဉာဏ်ရည်တုနှင့် ပါဝါထိန်းချုပ်မှုကို ပညာဖြင့် တုံ့ပြန်ခြင်းဖြစ်သည်။ ပညာမပါလျှင် ထိန်းချုပ်သူများအောက်၌ နည်းပညာသာမက လူသားတို့ပါရောက်သွားလိမ့်မည်။ ပညာမပါလျှင် ထိန်းချုပ်မှုကင်းမဲ့သွားချိန်၌ ကစဉ့်ကလျားဖြစ်မှုကို ပြန်အဖတ်ဆယ်နိုင်မည်မဟုတ်။ ထို့ကြောင့် အနာဂတ်ကို ရင်ဆိုင်ဖို့ ယနေ့ခေတ်အတွက် အရေးကြီးဆုံးအချက်တစ်ချက်မှာ နည်းပညာတို့၏၊ အထူးသဖြင့် အေအိုင်နည်းပညာ၏ လမ်းကြောင်းကို မျက်ခြည်ပြတ်မသွားအောင် စောင့်ကြည့်ရင်း ကိုယ့်ကိုယ်ကိုယ် ပညာတိုးပွားအောင် ကြိုးစားအားထုတ်နေသည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ဖို့ဖြစ်သည်။

ဉာဏ်ရည်တုလှိုင်းများသည် အဆက်မပြတ် ဆက်လက်ရိုက်ခတ်ဖို့ရှိနေသည်။ ရပ်နေမည်မဟုတ်။ မည်သူ့ကိုမျှ စောင့်နေမည်မဟုတ်။ သူ့သဘောတရားအတိုင်း သူဆက်သွားနေမည်။ ကျွန်တော်တို့လို သာမန်လူများအနေဖြင့် ထိန်းချုပ်၍လည်းမရ ရှောင်လွှဲ၍လည်းမရသော ဆုပ်လည်းစူး စားလည်းရှူးအနေအထားတွင်ရှိသည်။ ထို့ကြောင့် လိုက်ပါစီးနင်း နေထိုင်ဖို့သာရှိသည်။ ထိုသို့နေထိုင်နိုင်ဖို့ ပညာလိုသည်။ အေအိုင်အပါအဝင် နည်းပညာတို့ကို ကြောက်စရာလည်းမလို၊ ကိုးကွယ်စရာလည်းမလို။ နားလည်ပြီး ကိုယ့်အတွက် အကောင်းဆုံးဖြစ်အောင်အသုံးချဖို့သာ လိုအပ်သည်။ သို့သော် လှိုင်းစီးရာတွင် လူသားဆန်ဆန်စီးကြသူများရှိသလို အတ္တရှေ့တန်းတင်ပြီး စီးနေကြသူများလည်းရှိမည်မှာသေချာသည်။ ထိုသူများသည် ကျွန်တော်တို့ကို လမ်းကျဉ်းထဲမှ ဆွဲချမည့်သူများဖြစ်သည်။ ထိုသို့သောသူများအန္တရာယ်ကို ကာကွယ်ဖို့လည်းလိုအပ်သည်။

ဆိုလိုသည်မှာ အေအိုင်ကို နည်းပညာတစ်ခုအဖြစ်သာ မြင်ခြင်းသည်မလုံလောက်။ ကျွန်တော်တို့၏ စဉ်းစားပုံ၊ အလုပ်လုပ်ပုံ၊ သင်ယူပုံ၊ ပါဝါခွဲဝေပုံတို့ကို ပြောင်းလဲပေးနေသောလှိုင်းတစ်ခုဖြစ်သည်။ ထိုလှိုင်းအတိုင်းဆက်သွားပြီး ပေါ်ကြွယ်ခေတ်သို့ရောက်ခြင်းသည် အကောင်းမြင်လမ်းကြောင်းဖြစ်သည်။ အကောင်းမြင်ခြင်းကို အပြစ်မတင်လိုသော်လည်း အဆိုးမြင်ငြင်းပယ်မှုကိုတော့ ရှောင်ရှားရမည်။ တစ်နည်းအားဖြင့် ဖြစ်လာနိုင်သည့်ဆိုးကျိုးများအတွက် ကြိုတင်ပြင်ဆင်ထားကြရမည်။ ထို့ကြောင့် အဖြေထက် မေးခွန်းများသာပိုများလာသည်ဟု ရှေ့တွင်ပြောခဲ့ခြင်းဖြစ်သည်။ လူသားတို့၏ ဗီဇအတိုင်း သင်ယူမှု၊ ဖန်တီးမှုနှင့် ပညာရှာဖွေမှုတို့မှာလည်း ရပ်တန့်နေမည်မဟုတ်၍ မည်သည့်အခြေအနေမျိုးတွင်ဖြစ်စေ ရှင်သန်ဖို့ ဖန်တီးနိုင်ကြမည်သာ။

'ဉာဏ်ရည်တုလှိုင်း' ဆောင်းပါးများထဲတွင် ကျွန်တော်သည် အေအိုင်နည်းပညာအကြောင်း မိတ်ဆက်သည်။ နည်းပညာ၏စွမ်းဆောင်ရည်တိုးတက်မှုများအကြောင်း ပညာရှင်တို့၏အမြင်များကိုဆွေးနွေးသည်။ လူသားတို့က အပ်နှင်းသောလုပ်ပိုင်ခွင့်၏ အရေးပါမှုကိုပြောသည်။ လုပ်ပိုင်ခွင့်လျှော့ပေးလျှင် ကောင်းစွာထိန်းချုပ်နိုင်မည်ဖြစ်သည့်တိုင် ထိန်းချုပ်မှုလျှော့ချခြင်းဖြင့် စွမ်းဆောင်ရည်မြင့်တက်လာခြင်းကို လက်မလွှတ်လိုသော သုတေသီတို့သည် တတ်နိုင်သလောက် လျှော့ပေးပြီး စမ်းသပ်ကြမည့်အကြောင်း ဆွေးနွေးသည်။ လက်ရှိအေအိုင်နည်းပညာရောက်နေသည့် လမ်းကြောင်းအပေါ် ပညာရှင်များ၏သုံးသပ်ချက်ကို တင်ပြသည်။ နောက်ဆုံး ကျွန်တော်တို့လို တတိယလှိုင်းနိုင်ငံမှ ပြည်သူတို့အနေဖြင့် ဘယ်လိုတုံ့ပြန်နိုင်မလဲဆိုသည့် ကျွန်တော့်အယူအဆကို ဆွေးနွေးသည်။ အဖြေတော့မထွက်ပါ။ ထွက်စရာလည်း အကြောင်းမရှိပါ။ စာဖတ်သူတို့အတွက် ဆက်လက်စဉ်းစားစရာ အချက်အလက်များ၊ သဘောတရားများနှင့် ဖြစ်နိုင်ခြေများကို ခင်းကျင်းပြသနိုင်ခဲ့သည်ဆိုလျှင် ကျေနပ်ပါသည်။

# တီဗွီအချိန်ကြာကြာ ကြည့်ခြင်းသည် ဦးနှောက်ကို ထိခိုက်စေနိုင်



သက်လတ်ပိုင်းအရွယ်၌ တစ်နေ့တစ်နေ့ တီဗွီရှေ့တွင် အချိန်ကြာကြာ ထိုင်ကြည့်ခြင်းသည် အနှစ် ၂၀ ကျော်လာချိန်၌ ဦးနှောက်ကို ထိခိုက်ပြောင်းလဲစေနိုင်ကြောင်း သုတေသီများက တွေ့ရှိခဲ့ကြသည်။

တီဗွီကြည့်ခြင်းသည် တိတ်တိတ်ဆိတ်ဆိတ် နေထိုင်ခြင်းထက် အလုပ်များစွာ ပိုလုပ်ရသောကြောင့် ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်လာချိန်တွင် မှတ်ဉာဏ်ပျောက်ဆုံးခြင်း၊ သွေးကြောထိခိုက်ခြင်း၊ ဒီမန်းရှားဟုခေါ်သော စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ဖြစ်လာစေသည်ဟု အယ်လ်ဇိုင်းမားအဖွဲ့က ထုတ်ဝေသည့် အယ်လ်ဇိုင်းမားနှင့် ဒီမန်းရှားဂျာနယ်မှ သုတေသနစာတမ်းတစ်ခုတွင် ဖော်ပြထားသည်။

သုတေသနကို ဦးဆောင်ခဲ့သော တောင်ကာရိုလိုင်းနားတက္ကသိုလ် ဒွန်းဆစ်ဖ် ဝိဇ္ဇာသိပ္ပံကောလိပ်မှ ဇီဝသိပ္ပံ ပါမောက္ခ ဒေးဗစ်ရေ့ချ်လန်က "လူတွေ ဘယ်လောက်အထိ အထိုင်များကြလဲဆိုတာကို ကျွန်တော်တို့ နှစ်ပေါင်းများစွာ လေ့လာခဲ့တာပါ။ အဲဒီလို လေ့လာနေရင်းနဲ့ လူတွေထိုင်နေရင်း ဘာလုပ်ကြလဲဆိုတာကိုပါ အလေးပေးဖို့ အရေးကြီးတယ်လို့ ကျွန်တော်တို့ တွေ့လာခဲ့ပါတယ်"လို့ ဆိုတယ်။

သုတေသနမှာ ပါဝင်ခဲ့တဲ့ လူသားနှင့် ဆင့်ကဲဖြစ်စဉ်ဆိုင်ရာ ဇီဝဗေဒပညာရှင် နေသန်ဖီတာကလည်း "လူတွေကို အကြာကြီး မထိုင်ကြဖို့ ကျွန်တော်တို့ မကြာမကြာတိုက်တွန်းပေးပါတယ်။ ဒါပေမဲ့ ပညာရှင်တွေကတော့ ထိုင်နေရင်း ဘာလုပ်လဲဆိုတာကိုပါ ချဲ့ထွင်လေ့လာကြပါတယ်။ အဲဒါက ဦးနှောက်ကို ထိခိုက်တာမျိုးတွေရှိလာနိုင်စေလို့ပါ"ဟု ဆိုသည်။

လူတို့ကို လှုပ်ရှားမှုများများလုပ်ဖို့ တိုက်တွန်းခြင်းမှာ မလုံလောက်၊ ကျန်းမာရေးလမ်းညွှန်များထဲတွင် တီဗွီကြည့်မည့်အစား အခြား စိတ်အာရုံစူးစိုက်မှုများ၊ သင်ယူမှုများ၊ ဖန်တီးမှုများ၊ လူမှုဆက်ဆံရေးများဖြင့် အစားထိုးရန် ထည့်သွင်းသင့်ကြောင်းလည်း အဆိုပါတွေ့ရှိချက်က ထောက်ပြထားသည်။

**Ref: scitechdaily**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ ယုဇနပလာဇာ၊ ဆိုင်အမှတ် (N 31) ဆိုင်ခန်းသည် ရာဟာမက်ဒူလ္လာ(ခ)ဦးမောင်လှ [၁၂/လမန(နိုင်)၁၆၃၇၆၅]အမည်ပေါက်ပိုင်ဆိုင်သောဆိုင်ခန်းဖြစ်ပါသည်။ ယခုအခါ ရာဟာမက်ဒူလ္လာ(ခ)ဦးမောင်လှသည် ၁၂-၈-၂၀၂၅ ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီးဖြစ်ပါ၍ ၎င်းဆိုင်ခန်းအား ဇနီးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှလှစိန် [၁၂/လမန(နိုင်)၁၆၃၃၉၄]မှ အမည်လွှဲပြောင်းမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် အောက်ပါလိပ်စာအတိုင်း (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အမည်ပြောင်းကိစ္စကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်လှလှစိန် [၁၂/လမန(နိုင်)၁၆၃၃၉၄]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထားထားလွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၀၀၀)**
**မဟာသီရိလမ်း၊ အုတ်ပုံစုရပ်ကွက်၊ တိုက်ကြီးမြို့။**
**ဖုန်း- ၀၉-၄၂၀၂၀၂၉၂၉၊ ၀၉-၆၉၈၃၉၃၉၉၄**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

